# သားသမီးများနားဝင်အောင်မည်သို့ပြောရမည်နည်း။ သားသမီးများပြောသည်ကိုမည်သို့နားထောင်မည်နည်း။

How to talk so kids will listen & Listen to so kids wil talk. (A. Faber & E. Mazlish, Avon Books)

၁။ သားသမီးများကို ၎င်းတို့၏ခံစားချက်များ ဖြေရှင်းနိုင်ရန် အကူအညီပေးခြင်း

သားသမီးများ၏ ခံစားချက်များကို ကျွန်ုပ်တို့လက်ခံကြလျှင် သူတို့အတွက် ချမှတ်ထားသော စည်းကမ်းများကိုလည်း သားသမီးများက ပိုမိုလက်ခံနိုင်စွမ်း ရှိကြကြောင်းတွေ့ရှိရသည်။

လူတို့သည် မည်သည့်အသက်အရွယ်၌မဆို အခိုက်အတန့်ကလေးမျှ ကြုံတွေ့ရသောဖိစီးမှုကို အခြားသူများက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထိုဖိစီးမှုအား တစ်ဦးတစ်ယောက်က အလေးထားစေလိုကြသည်မှာ သဘာဝဖြစ်သည်။

ထို့အတူ သားသမီးများ၏ ခံစားချက်ကိုလည်း မိဘများက လက်ခံပေးရန်လိုအပ်သကဲ့သို့ အလေးထားရန်လည်း လိုအပ်သည်။ သားသမီးများ၏ ခံစားချက်များကို ၎င်းတို့ကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်ရေးအတွက် သင့်အနေဖြင့် သူတို့ပြောပြသည်ကို–

၁။ ငြိမ်ငြိမ်သက်သက်ဖြင့် ဂရုစိုက်နားထောင်ပေးပါ။

၂။ "အေးလေ–ဟုတ်တာပေါ့" ဟူသောစကားမျိုးဖြင့် သူတို့၏ခံစားချက်ကို အလေးထားအသိအမှတ်ပြုကြောင်းပြသပါ။

၃။ "အဓိပ္ပာယ်မရှိပါဘူး" ဟုခံစားမှုကို အမည်နာမ မသတ်မှတ်ပါနှင့်။

၄။ ကလေးငယ်၏ဆန္ဒများကို စိတ်ကူးတွေးတောနေပါစေ။

"အခုအပင်စိုက် အခုပဲအသီးစားရအောင် လုပ်ပေးလိုက်ချင်ပါရဲ့။" (အခုရေတွင်းတူး အခုရေကြည်သောက်ချင်လို့မရဘူး) ဟူသော တုန့်ပြန်စကားမျိုးကို မပြောသင့်ပါ။ အကြောင်းမူ သူတို့၏ခံစားချက်များကို အမည်နာမတပ်၍ အဓိပ္ပာယ်ဖေါ်မည်ကို သူတို့စိုးရွံ့ကြပြီး ပိုမိုဆိုးရွားသွားမည်ဖြစ်သောကြောင့်ပင်။ သင်၏တုန့်ပြန်ချက်သည် သူတို့၏ဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော်လည်း မှန်ကောင်းမှန်ပါလိမ့်မည်။ သို့သော် သူတို့တွေ့ကြုံနေရသော ခံစားချက်နှင့် ပတ်သက်သည့် စကားများကိုသာ ကြားရခြင်းဖြင့် ကလေးများအလွန့်အလွန် စိတ်သက်သာရာရတတ်ကြပါသည်။ တစ်ဦးတစ်ယောက်က ကလေးငယ်၏ အတွင်းစိတ်ခံစားမှုကို အသိအမှတ်ပြုရန်လိုပါသည်။ ဘုရားသခင်၏ အဆုံးအမများဖြင့် ကလေးငယ်ကို နှစ်သိမ့်ပါ။ အားပေးပါ။

ကြီးမားသော အကျဉ်းအကျပ်ထဲသို့ ကျရောက်နေချိန်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သောကကိုအစဉ်သဖြင့် ငြိမ်းအေးစေတတ်သည်။

ဝိညာဉ်တော်၏ အသံသည် အစဉ်သဖြင့် အားသစ်သွန်းလောင်းပေးလေ့ရှိသည်။

၂။ ပူးပေါင်းဆောင်ရွက်ရန်ညှိနှိုင်းခြင်း

ဖော်ပြခြင်း

(လူကြီး) ရေချိုးခန်းမီးကို ဖွင့်ပြီးရင် ပြန်ပိတ်ပါလို့ ဘယ်နှစ်ခါပြောရမလဲ ဟုပြောမည့်အစား

ဖော်ပြချက် ရေချိုးခန်းမီးလင်းနေတယ် ဟုလည်းကောင်း

(လူကြီး) ခုချက်ချင်း ဖုန်းချလိုက်စမ်း ဟုပြောမည့်အစား

ဖော်ပြချက် ဂျေးလ်(Jill) အခုဖုန်းဆက်စရာရှိတယ်ကွာ ဟုပြောလျှင်

(ကလေး) ခဏလေးနော်၊ ဖုန်းချပေးမယ် ဟုပြန်ဖြေလိမ့်မည်။

လူကြီးများက အခက်အခဲကို ဖော်ပြလျှင် ကလေးများက သူတို့ဘာလုပ်ရမည်ကို ပြန်လည်ဆန်းစစ်နိုင်သည့် အခွင့်အရေးရစေပါသည်။

သတင်းပေးခြင်း

(လူကြီး) နွားနို့သောက်ပြီး ပုလင်းကိုဒီအတိုင်း ဘယ်သူထားခဲ့တာလဲ ဟုပြောမည့်အစား

သတင်းပေးခြင်း– သားတို့ နွားနို့ပုလင်းကို ရေခဲသေတ္တာထဲ ပြန်မထည့်ရင် ကျန်တဲ့နွားနို့တွေ ချဉ်ကုန်မှာပေါ့။

သင်၏ခံစားချက်ကိုပြောပြခြင်း

ကလေးငယ်၏ အကျင့်စရိုက် သို့မဟုတ် ကိုယ်ရည်ကိုယ်သွေးနှင့် ပတ်သက်ပြီး ဝေဖန်ခြင်းမပြုပါနှင့်။

(လူကြီး) မင်းဘာဖြစ်နေတာလဲ။ ခြင်လုံဇကာ တံခါးကိုဘယ်တော့မှ မပိတ်ဘူး ဟုပြောမည့်အစား

ခံစားချက်ကိုပြောပြခြင်း– ခြင်လုံဇကာ တံခါးကိုဖွင့်ထားရင် အစားအသောက်တွေမှာ ယင်ကောင်တွေ တဝီဝီနဲ့ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲဟုပြောသင့်သည်။

မိဘများက ရိုးသားပွင့်လင်းစွာပြောပြသော ခံစားချက်ကို ကလေးငယ်များ သိကြားခွင့်ရှိပါသည်။ ကျွန်ုပ်တို့၏ ခံစားမှုကို ဖော်ပြခြင်းဖြင့် ကလေးငယ်များအား အမှန်တကယ် ထိခိုက်ခြင်းမရှိစေနိုင်ပါ။

တစ်ခွန်းတည်းပြောပါ

(လူကြီး) ညဝတ်အင်္ကျီဝတ်ပါလို့ ခနခနပြောနေပေမဲ့ မင်းတို့က ပြောင်သလိုနောက်သလို လုပ်နေကြတယ်။ တီဗီမကြည့်ခင်ညဝတ်အင်္ကျီဝတ်ပါ့မယ်လို့ ကတိပေးထားပေမဲ့ ဘယ်သူမှဝတ်ပုံမရဘူး ဟုပြောမည့်အစား
စကားတစ်ခွန်းတည်းဖြင့်– ညဝတ်အင်္ကျီ ဟုပြောလိုက်ပါ။

## ဝေဖန်ခြင်း၊ သတိပေးခြင်းနှင့် ဥပမာပေးခြင်း

ဖော်ပြခြင်း သင်မြင်တွေ့သည့်အတိုင်း ဖော်ပြခြင်း သို့မဟုတ် ပြဿနာကိုဖော်ပြခြင်း၊ ဖော်ပြသည့်စကားကို အသုံးပြုခြင်း၏ အထိရောက်ဆုံးအစိတ်အပိုင်းမှာ လက်ညှိုးထိုး၍ ဖော်ပြခြင်းဖြစ်ပြီး ဤသို့ညွှန်ပြပြောဆိုခြင်းဖြင့် အပြောခံရသူက ဘာလုပ်ရမည်ကို ရှင်းရှင်းလင်းလင်း သိစေသည်။

"နွားနို့မှောက်သွားတယ်၊ သုတ်ဖို့အဝတ်စ (ရေမြှုတ်) လိုတယ်"

"ခရားကွဲသွားပြီ၊ လှည်းဖို့တံမြက်စည်းလိုတယ်"

"ညဝတ်အင်္ကျီပြဲသွားပြီ၊ ချုပ်ဖို့အပ်နဲ့ အပ်ချည်လိုတယ်"

ဖော်ပြပါစကားရပ်အတိုင်းအား သင့်အနေဖြင့် မိမိကိုယ်မိမိပြောသကဲ့သို့ ပြောသင့်သည်။ သို့ရာတွင် အဆိုပါအဖြစ်အပျက်တစ်ခုစတင်ဖြစ်ပျက်သည်နှင့် သက်ဆိုင်ရာစကား၏ရှေ့တွင် "မင်း/သင်" ဟူသောနာမ်စားဖြင့် စ၍ပြောလေ့ရှိပါသည်။ ဥပမာ "မင်းနွားနို့မှောက်ပြစ်တယ်၊ မင်းရေနွေးခရား ခွဲပြစ်တယ်၊ မင်းညအိပ်အင်္ကျီ ဖြဲပြစ်တယ်" ဟူ၍ဖြစ်လာသည်။ မိမိကိုယ်မိမိပြောသည့် စကားရပ်များနှင့် ယခုစကားရပ်များ၏ ခြားနားချက်ကို သတိပြုမိပါသလား။ "မင်း/သင်" ဟုရည်ညွှန်းပြောဆိုခြင်းဖြင့် အပြောခံရသူအား စွပ်စွဲသည့်သဘောသက်ရောက်စေပြီး ပြန်လည်ခုခံချေပလိုသည့် လက္ခဏာဖြစ်ပေါ်လေ့ရှိပါသည်။ (မင်းကြောင့်ဖြစ်တာ၊ မင်းလုပ်တာဟု ပြောမည့်အစား ဖြစ်ပျက်မှုကို ရိုးရိုးစင်းစင်း ဖော်ပြခြင်းဖြင့် ကလေးများအတွက် အဖြစ်အပျက်ကို လွယ်ကူစွာ နားထောင်နိုင်စေပြီး ပြဿနာကို ကောင်းစွာ ဖြေရှင်းနိုင်ကြပါသည်။

♥ ♥ ♥

ကျွန်ုပ်၏သားနှစ်ယောက်သည် လက်များတွင် ရေဆေးစိမ်းများ ပေကျံလျက် ညစာစားမည်ပြုသောအခါ ကျွန်ုပ်ဒေါသထွက်သွားသည်။ သို့သော် ဒေါသမထွက်မိစေရန်နှင့် မအော်ငေါက်မိစေရန် ဆုံးဖြတ်ပြီး ထမင်းစားခန်းတံခါးကို လက်ဖြင့် တဒေါက်ဒေါက်ခေါက်ကာ သူတို့အားပြောရမည့် အစီအစဉ်ကို စဉ်းစားနေမိသည်။ ပထမအချက်မှာ မြင်တာကိုပြောမည်ဟူ၍ပင်။ ထိုနောက်ဖြစ်လာသည်မှာ

ကျွန်ုပ် – သားနှစ်ယောက်ရဲ့လက်တွေနဲ့ မျက်နှာတွေမှာ ဆေးစိမ်းတွေ ပေကျံလို့ပါလား။

သူတို့အချင်းချင်း တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ထိုနောက် ဆေးကြောရန်၊ ရေချိုးခန်းထဲသို့ ပြေးဝင်သွားကြသည်။ ခနကြာ၍ ကျွန်ုပ်ရေချိုးခန်းထဲသို့ ဝင်ကြည့်သည့်အခါ သူတို့ကို အော်ငေါက်လုမတတ် ဖြစ်သွားရပြန်သည်။ အကြောင်းမှုနံရံတွင်ဆေးများ ပေကျံနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ သို့သော်ဒေါသကိုထိန်း၍

ကျွန်ုပ် – ရေချိုးခန်း နံရံတွေမှာလည်း ဆေးစိမ်းတွေစွန်းနေတယ် ဟုပြောလိုက်ပြန်ရာ သားအကြီးက "သုတ်ပြစ်လိုက်မယ်" ဟုပြောရင်း အဝတ်စုတ်တစ်ခုကိုယူ၍ ရေချိုးခန်းထဲဝင်သွားသည်။ ၅မိနစ်ခန့်ကြာသော် ရေချိုးခန်းထဲသို့ဝင်ကြည့်ရန် ကျွန်ုပ်ကိုလှမ်းခေါ်သည်။

ကျွန်ုပ်(ပြောမြဲပြောလျက်) ရေချိုးခန်းနံရံက ဆေးအားလုံးပြောင်းအောင် တစ်ယောက်ကကူသုတ်ပေးဖို့ လိုလိမ့်မယ်ဟု ထပ်ပြောသည်။ သားကြီးက ဝမ်းသာသွားသည်။ သားအငယ်က ရေပိုက်ကို မြှောက်ကိုင်ပြီး "ကဲ သားက ရေဇလုံက ဆေးတွေကို ပြောင်အောင်ဆေးပေးမယ်"ဟုပြောပါသည်။ ကျွန်ုပ်၏ ကိုယ်တွေ့မဟုတ်လျှင် ယုံနိုင်စရာပင်မရှိပါ။

♥ ♥ ♥

သင်၏ သဘောထားအယူအဆကို သားသမီးများအား သင်ကြားပေးပါ။

သင်၏ လက်တွေ့လုပ်ဆောင်ချက်က သင့်ပြောစကား ထက်အဆများစွာ ခရီးရောက်ပါသည်။

♥ ♥ ♥

## မှတ်သားစရာပြောခြင်း

မှတ်သားစရာပြောခြင်းတွင် သဘောကျသည့်အချက်တစ်ရပ်မှာ ကလေးငယ်အား သင်ပေးလိုက်သော အသိတစ်ခုသည် သူ့အတွက် ဘဝတစ်သက်တာအသုံးကျသော လက်ဆောင်ကောင်းတစ်ခု ဖြစ်နေခြင်းပင်ဖြစ်ပါသည်။ သူလျှောက်လှမ်းရမည့် ဘဝတစ်လျှောက်လုံး "နွားနို့ကို ရေခဲသေတ္တာထဲ ထည့်မထားလျှင် ချဉ်တတ်သည်။" "ထိရှပွန်းပဲ့သောဒဏ်ရာကို သန့်ရှင်းစွာထားရမည်။" "တိပ်(Tape) များကို အပူအနီးတွင်ထားပါက တွန့်လိမ်၍ ပုံပျက်တတ်သည်။" "ဘီစကစ်ပုံးကို ဖွင့်ထားပါက ဘီစကစ်များပျော့သွားတတ်သည်။" စသည့်အသိများကို ကလေးငယ်သိထားဖို့ လိုအပ်သည်။ မှတ်သားစရာပြောတတ်ဖို့ဆိုတာ မခက်လှပါဘူးဟု မိဘများက ပြောလေ့ရှိကြသည်။ ခက်နေသည်က ပြောပုံပြောနည်းဖြစ်သည်။ မှတ်သားစရာပြောပြီးနောက် အပြစ်တင်သောစကားစုဖြင့် အဆုံးသတ်လိုက်ခြင်းကို ဆိုလိုသည်။ ဥပမာ "လျှော်ရမယ့် အဝတ်ဟောင်းတွေကို အဝတ်ခြင်းထဲထည့်ရမယ်ဆိုတာ မင်းနားမလည်ဘူးလား။"

ကလေးငယ်များအား မှတ်သားစရာပြောခြင်းကြောင့် သူတို့၏စိတ်တွင် ယုံကြည်မှုရှိစေသည့် လုပ်ငန်းတစ်ခုအဖြစ် စွဲမှတ်လာစေသည်။ ကလေးငယ်က "ငါဒီလိုဖြစ်တုန်းက လူကြီးတွေက ဒီလိုလုပ်ဖို့ သေသေချာချာပြောခဲ့တယ်" ဟု သူ့ကိုယ်သူပြောရင်း လူကြီးပြောသည့်အတိုင်း ပြုလုပ်ရန် ယုံကြည်မှုရှိလာစေသည်။

## တစ်ခွန်းတည်းပြောခြင်း

တစ်ခွန်းတည်းပြောသည့် အလေ့အကျင့်ကို အလွန်ပင်လက်ခံ သဘောကျကြောင်း မိဘများကပြောပြကြပါသည်။ တစ်ခွန်းတည်းပြောရခြင်းကြောင့် အချိန်ကုန် လူပင်ပန်းသက်သာသည့်ပြင် နားငြီးလောက်အောင် ရှင်းလင်းပြရန်လည်း မလိုအပ်တော့ပေ။

ကျွန်ုပ်တို့တွေ့ဖူးသော ဆယ်ကျော်သက်များက "တံခါး((Door)" သို့မဟုတ် "ခွေး(Dog)" သို့မဟုတ် "ပန်းကန်တွေ(Dishes)" စသည့် စကားတစ်ခွန်းတည်း ခိုင်းစေမှုကို ပိုမိုအလေးထားကြောင်း ယင်းသည်အခြားသော ထုံးစံအတိုင်းခိုင်းစေမှုမျိုးနှင့် မတူ ဘဲ အခိုင်းခံရသူအတွက် စိတ်သက်သာရာရစေကြောင်းကို ပြောပြကြပါသည်။

စကားတစ်ခွန်းတည်းဖြင့် ခိုင်းစေမှုသည် ချုပ်ချယ်အမိန့်ပေးမှုထက် ကလေးငယ်၏ ကိုယ်တိုင်စတင်လုပ်ဆောင်မှုနှင့် ကိုယ်ပိုင်ဉာဏ်အသုံးပြုမှုနှင့် အခွင့်အလမ်းကို ပိုမိုရရှိစေသည်။ သင်က "ခွေး((Dog)" ဟုပြောစကားကို ကလေးငယ်ကြားရသောအခါ "ခွေး ဟုတ်လား" ဟု သူစတင်စဉ်းစားရတော့မည်ဖြစ်ပြီး "ခွေးက ဘာဖြစ်လို့လဲ– အိုး ဟုတ်ပြီ ငါဒီညနေ ခွေးမကျောင်းရသေးဘူး၊ ခွေးကိုထုတ်ပြီး လမ်းလျှောက်ဦးမှပဲ" စသည်ဖြင့် ဆက်စပ်တွေးခေါ်၍ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ပေလိမ့်မည်။

သတိပြုရန် – စကားတစ်ခွန်းတည်းဖြင့် ခိုင်းစေသောအခါ သင့်ကလေး၏ နာမည်ကိုထည့်ပြီး မပြောပါနှင့်။ "ဆူဇီ"၊ "ဆူဇီ" ဟု မကျေမနပ်ဖြင့်ခေါ်သော သူ့နာမည်ကို တစ်နေ့အတွင်း ကြိမ်ဖန်များစွာကြားရသောအခါ ကလေးငယ်သည် သူ့နာမည်ခေါ်သံကိုပင် မကြားချင်တော့သယောင် သူ့နာမည်ကိုပင် မနှစ်သက်တော့သယောင် ခံစားလာရတတ်သည်။

ကလေးများ၏တုန့်ပြန်မှုသည်
လူကြီးများ၏သဘောထားပေါ်တွင် မူတည်သည်။

## သင်၏ခံစားချက်ကိုပြောပြပါ

လူကြီးများသည် ၎င်းတို့၏ခံစားချက်ကို သားသမီးများနှင့် မျှဝေနိုင်လျှင် စိတ်သက်သာရာရတတ်ကြသည်။ ဤသို့ ဆိုသဖြင့် ကလေးများကလည်း အဆုံးစွန်စိတ်ရှည်ရှည်ထားကြမည်ဟု မျှော်လင့်၍မရပါ။ ကလေးများသည်

"သားရဲ့ စာစီစာကုံးကို ဖတ်မပေးနိုင်သေးဘူးကွယ်။ အခု မေမေ နည်းနည်းနားချင်သေးတယ်။ ညစာစားပြီးရင် သေသေချာချာ ဖတ်ပေးမယ်နော်"

"သားခနလေး လှဲပြီးနားနေတုန်း မေမေ ဘုရားဝတ်ပြုလိုက်ဦးမယ်။ ဘုရားဝတ်ပြုတုန်း စကားမပြောနဲ့နော်။ တရားခွေဖွင့်ချင် ဖွင့်ပေါ့"

စသည့် ရိုးသားရှင်းလင်းသည့် ပြောဆိုမှုမျိုးကို လက်ခံနိုင်စွမ်း ရှိကြပါသည်။

## စာတိုကလေးများရေးပါ

ကလေးအများစုသည် သူတို့အားရေးပေးသော စာတိုကလေးများ လက်ခံရရှိလျှင် ဖတ်တတ်သည်ဖြစ်စေ၊ မဖတ်တတ်သည်ဖြစ်စေ သဘောကျ နှစ်ခြိုက်လေ့ရှိကြပါသည်။ ငယ်လွန်းသောကလေးများမှာမူ သူတို့မိဘများက ပေးပို့သော ပုံနှိပ်စာလုံးဖြင့် ရိုက်နှိပ်ထားသည့် သတင်းတိုကလေးများကြောင့် လက်ခံရန်ထိတ်လန့်တတ်ကြသည်။ အဆိုပါကလေးမျိုးများအား မိဘထံသို့ စာတိုကလေးများပြန်ရေးရန် တိုက်တွန်းအားပေးပါ။

အနည်းငယ်ကြီးသော ကလေးများသည်လည်း စာတိုကလေးများလက်ခံရရှိခြင်းကို သဘောကျကြပါသည်။ ကျွန်ုပ်တို့လေ့လာခဲ့

သော ဆယ်ကျော်သက် စာအုပ်တစ်စုက စာတိုကလေးတစ်စောင်သည် "သူငယ်ချင်းတစ်ဦးထံမှ စာတစ်စောင်ရသကဲ့သို့ပင်" စိတ်ကြည်နူးစေနိုင်သည်ဟု ပြောပြကြသည်။ ၎င်းတို့၏ မိဘများသည် စာရေးရန်အချိန်မရသဖြင့် စာတိုကလေးများရေးခဲ့ခြင်းဖြစ်ကြောင်းကို ကလေးများသဘောပေါက်ကြပါသည်။ လူငယ်တစ်ဦးကဆိုလျှင် "စာတိုကလေးရေးပြီးမှာထားခဲ့တော့ လူမကြားဘူးပေါ့" ဟု စာတိုကလေးများကို အနှစ်သက်ဆုံးဖြစ်ကြောင်း ပြောပြပါသည်။

မိဘများကလည်း စာတိုကလေးများရေးရခြင်းကို သဘောကျကြကြောင်း သိရှိရသည်။ ထိုနည်းသည် ကလေးငယ်တစ်ဦး၏ စိတ်ထဲတွင် စွဲမှတ်ကျန်မိစေရန် လွယ်ကူမြန်ဆန်သော နည်းဖြစ်သည်ဟု ဆိုကြပါသည်။

"သတိ"

ညနေ ၇း၃၀ တွင်ပုံပြောမည်။

ညဝတ်အင်္ကျီဝတ်ပြီး

သွားတိုက်ပြီးသော ကလေးအားလုံးနားထောင်နိုင်သည်။

ချစ်သော

မေမေနှင့်ဖေဖေ

အသေးအဖွဲ ကိစ္စလေးများအတွက် စာတိုကလေးများ ရေးရန်မလိုသော်လည်း ရေးလျှင်အကျိုးရှိနိုင်ပါသည်။ အပြောင်းအပျက်မဟုတ်သော လေးနက်ခက်ခဲသည့် ကိစ္စရပ်မျိုးကိုမူ စာတိုကလေးများဖြင့် ရေးသားပြောဆိုရန်မသင့်ပါ။ ဖခင်တစ်ဦးဝယ်လာသော ဓာတ်ပြားအသစ်စက်စက်တစ်ချက်ကို သမီးဖြစ်သူက သူမ၏ဓာတ်စက်တွင် အပ်သွားတုံးတုံးဖြင့် ဖွင့်လိုက်ရာ သုံးမရအောင် ပျက်ဆီးသွားခဲ့ရသည်။ သူ့ဒေါသကို စာဖြင့်ရေးပြီး ဖွင့်ထုတ်ခြင်းမပြုခဲ့လျှင် သူ့သမီးကို သူအပြစ်ပေးမိမည်ဟု ဖခင်ကပြောပြခဲ့သည်။ ထိုကြောင့် သူက

အဲလစ်ဆန်

ဖေဖေ ဒေါသသိပ်ထွက်နေတယ်။

ဓာတ်ပြားသစ်ကို ဖေဖေခွင့်ပြုချက်မရဘဲ ဖွင့်လိုက်လို့

အခုတော့ အစင်းတွေထင်ပြီး သုံးမရတော့ဘူး။

သိပ်စိတ်ဆိုးနေတဲ့ ဖေဖေ

ဟုစာတိုကလေးရေးလိုက်သည်။ ခနကြာသောအခါ သူ့သမီးက ရေးလိုက်သောပြန်စာကို ရရှိခဲ့သည်။ စာမှာ–

ဖေဖေ

သမီးတကယ်စိတ်မကောင်းပါဘူး။ ဒီစနေနေ့ကျရင် ဖေဖေ့ကို

အသစ်ပြန်ဝယ်ပေးပါမယ်။ ဘယ်လောက်ပဲကျကျ

သမီးအသုံးစရိတ်ထဲက ဖြတ်ယူလိုက်ပါနော်။

အဲလစ်ဆန်

အခြားဖခင်တစ်ယောက်ကလည်း အော်ဟစ်ငေါက်ငမ်းပြောရသည်ကို ငြီးငွေ့လာသဖြင့် စာတိုကလေးရေးပြီး ပြောသည်မှာ–

ဆမ်

အားကစားလေ့ကျင့်ရ စာကျက်ရနဲ့ သားအလုပ်ရှုတ်နေမှန်း

ဖေဖေသိပါတယ်။ ဒါပေမယ့် စာအုပ်တွေကို သပ်သပ်ရပ်ရပ်စီဖို့လိုတယ်။

ဖေဖေ

မိခင်တစ်ဦးကမူ သူ၏သားငယ်လေးနှင့် သူငယ်ချင်းအား ပြောချင်သောစကားကို စာဖြင့်ရေး၍ စာရွက်ကို လေယာဉ်ပျံလုပ်ကာ သားငယ်ထံပစ်လွှတ်လိုက်သည်။ ကလေးငယ်နှစ်ဦးစလုံး စာမဖတ်တတ်ကြပါ။ သို့သော် သိချင်ဇောဖြင့် စက္ကူလေယာဉ်ပျံလေးကို ပြေးကောက်ပြီး ဘာတွေရေးထားသလဲဟု မိခင်ကိုမေးသည်။ ရေးထားသည့် အကြောင်းအရာကို သိရသောအခါ ကလေးနှစ်ဦးစလုံး အရုပ်များကို သိမ်းဆည်းရန် ပြေးထွက်သွားကြသည်။ စာမှာ

ကစားပြီးရင် အရုပ်တွေကိုပြန်သိမ်းပါ။

မေမေ(မေမေ၏ပုံကြမ်းကို ရေးဆွဲထားလျက်)

<u>မေးခွန်းများ</u>

ကလေးများအား "သင်ဘာကိုပြောပြခြင်း" (ပြောသည့်အကြောင်းအရာ) ကဲ့သို့ပင်၊ "ဘယ်လိုပြောပြခြင်း" (ပြောပုံပြောနည်း) သည်လည်းအရေးကြီးသည် မဟုတ်ပါလော။

ဤစကားမှန်ပါသည်။ စကားလုံး၏ နဂိုမူလအဓိပ္ပာယ်ကဲ့သို့ပင် စကားလုံးနောက်ကွယ်ရှိ သင်၏သဘောထားသည်လည်း အရေးကြီးပါသည်။ထိုနောက်ကွယ် သဘောထားပေါ်မူတည်၍ ကလေးငယ်များက "သင်သည် တကယ်တော့ ချစ်ခင်ဖွယ်ကောင်းသော စွမ်းဆောင်

ရှင်တစ်ဦးဖြစ်သည်။ ယခုမူ အလေးထားရမည့် ပြဿနာတစ်ခုတော့ရှိနေ၍ ဖြစ်မည်။ ဒါကိုနားလည်လျှင် တာဝန်သိသိဖြင့် ပြန်လည်တုန့်ပြန်ရမည်" ဟူ၍ သဘောပေါက်ကြသည်။

ကလေးငယ်များအား စိတ်အားငယ်စေသော စိတ်ဓာတ်ပျက်ပြားစေသော သဘောထားကြောင့် "သင်သည် တကယ်တော့ မဆီမဆိုင်တာကို ဒေါသထွက်နေတာ။ သင်လုပ်တာ အမြဲတန်းအမှားတွေချည်းပဲ။ နောက်ဆုံးဖြစ်ရပ်က သင့်အမှားကို သက်သေပြနေတယ်။" ဟု ကလေးများက သဘောပေါက်ကြပေသည်။

သဘောထားကသာ အရေးကြီးသည်ဆိုလျှင် "စကားလုံးများ" အကြောင်းကို အဘယ်ကြောင့် စိတ်ရှုပ်ခံနေရသနည်း။

မိလတစ်ဦး၏ မနှစ်မြို့သောအကြည့် သို့မဟုတ် အထင်သေးသော စကားသံအနိမ့်အမြင့်သည် ကလေးငယ်အား နက်ရှိုင်းစွာ ထိခိုက်နာကြင်စေတတ်ပေသည်။ ထို့ပြင် "လူမိုက်" "လူပေါ" "တာဝန်မဲ့သူ" "ဘယ်တော့မှ သင်လို့စတက်တဲ့ ကျွဲပါးစောင်းတီး" စသည့် စကားလုံးများက ကလေးငယ်ကို နှစ်ဆတိုး၍ ထိခိုက်ခံစားရစေပါသည်။ စကားလုံးများတွင် ရှည်ကြာစွာ အဆိပ်အတောက်သင့်စေတတ်သော အစွမ်းသတ္တိရှိကြသည်။ နောင်သောအခါ သူတို့အားခေါ်ဝေါ်ခဲ့သော စကားလုံးများကို ကောက်နှုတ်၍ သူတို့ကိုယ်သူတို့ ကာကွယ်သော လက်နက်အဖြစ် အသုံးပြုပါက အဆိုးရွားဆုံး ဖြစ်လာပေလိမ့်မည်။

ကလေးများသည် လူကြီးများထက်ပို၍ ထိခိုက်ခံစားကြေကွဲလွယ်ကြပါသည်။ ကျွန်ုပ်၏သားသမီးများအား တစ်ခုခုပြုလုပ်ရန် ခိုင်းသောအခါ တစ်ခါတစ်ရံ လိုက်နာကြပြီး တစ်ခါတစ်ရံ ပေကတ်ကတ် လုပ်နေခြင်းနှင့် ပတ်သက်၍ ရှင်းပြနိုင်သည့် နည်းလမ်းများရှိပါသေးသလော။

"မိဘစကားကို ဘာကြောင့်နားမထောင်ကြတာလဲ" ဟုကလေးအုပ်စု တစ်စုကိုမေးကြည့်သောအခါ သူတို့က အောက်ပါအတိုင်းဖြေကြသည်။

"ကျောင်းကနေပြီး အိမ်ပြန်ရောက်တော့ ကျွန်တော်မောနေပြီ။ အဲဒီအခါ
မေမေကတစ်ခုခုခိုင်းရင် မကြားချင်ရောင်ဆောင်နေလိုက်တယ်။"
"တစ်ခါတစ်ခါ ကျောင်းကဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုကို စိတ်ဆိုးမပြေတုန်းမှာ
မေမေခိုင်းတာကို လုပ်ချင်စိတ်မရှိဘူး"

သင့်ကိုယ်သင် ခိုင်းရတာအဆင်မပြေဘူး ဟုခံစားရသောအခါ ကလေးများ၏ အတွေးအမြင်များနှင့် ပတ်သက်ပြီး အောက်ပါမေးခွန်းများကို ကိုယ်တိုင်ဖြေကြည့်ပါ။

"ငါ့တောင်းဆိုမှုဟာ ငါ့ကလေးရဲ့အသက် စွမ်းဆောင်နိုင်မှုနဲ့ လိုက်လျောညီထွေ ရှိရဲ့လား။"
(ဥပမာ– လေးနှစ်သား ကလေးငယ်ကို ထမင်းဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းနည်းလမ်းတွေနဲ့ ပြည့်စုံစေချင်နေသလား။)
"ငါ့တောင်းဆိုချက်ဟာ အကြောင်းပြချက် မခိုင်လုံဘူးလို့ သူယူဆနေလား။"
(နားရွက်နောက်က ချေးတွေကိုတွန်းဖို့ မေမေက ဘာဖြစ်လို့ နားပူနားဆာလုပ်နေရတာလဲ။ ဒီချေးတွေကို ဘယ်သူမြင်တာမှတ်လို့။)
"တစ်ခုခုကို ခိုင်းတိုင်း အခုလုပ်လို့ ထပ်ခါထပ်ခါတိုက်တွန်းနေမယ့်အစား ရွေးချယ်ခွင့် မပေးနိုင်ဘူးလား။"
(ဗီဒီယို အခွေမကြည့်ခင် ရေချိုးမှာလား၊ ကြည့်ပြီးမှရေချိုးမှာလား)
"တစ်ခုခုကိုလုပ်ဖို့ ရွေးချယ်မခိုင်းသင့်ဘူးလား။"
(ရေချိုးရင် ဒီအရုပ်ကလေးကို ယူသွားမလား၊ လှေကလေးကို ယူသွားချင်သလား)

ကလေးများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု ပြောင်းလဲလာလျှင် ပြောင်းလဲလာသော ကိုယ်ခန္ဓာအချိုးအစားနှင့် လိုက်ဖက်သည့်အပြင်အဆင်မျိုးကို အိမ်ထဲတွင်ပင် ပြုလုပ်ပေးနိုင်ပါသလား။ (အဝတ်များကို မမီမကမ်းလှမ်း၍ ချိတ်ရသည့် ပြဿနာမျိုးမကြုံရအောင် အဝတ်ဘီဒိုထဲတွင် အဝတ်ချိတ်များကို ခပ်နိမ့်နိမ့်ဆင်ပေး နိုင်ပါသလား။ အိပ်ခန်းထဲရှိ စင်ကလေးများကို မပင်ပန်းဘဲ သန့်ရှင်းရေးအလွယ်တကူ လုပ်နိုင်အောင် စီစဉ်ပေးနိုင်ပါသလား။)

ကလေးငယ်နှင့် အတူတကွနေရသည့် အချိန်ကလေးများတွင် ကလေးငယ်အား တစ်ချိန်လုံး အလုပ်ခိုင်းနေမည်လား၊ သို့မဟုတ် ကလေးငယ်၏ "အတူတကွနေချင်စိတ်" ကို နှိုးဆွသည့်အနေဖြင့် တစ်ခါတစ်ရံ ကလေးငယ်တစ်ဦးတည်း ထားခဲ့ပြီး ခဏတဖြုတ်ထွက်သွားမည်လား။

ကလေးငယ်များနှင့် အတူရှိနေစဉ်ကာလအတွင်း ရယ်စရာမောစရာ ကလေးများကို တစ်ခါတစ်ရံ ပြောသင့်၊ လုပ်သင့်သည်။ အရာရာတိုင်းသည် ပညာပေးလုပ်ရပ် မဆန်သင့်ပါ။ ဆံပင်ကို ဖါးလျားချ၍ မျက်နှာပေါ်အုပ်ကာပြီး လေဖြင့်မှုတ်၍ ရယ်စရာအဖြစ် ဖန်တီးပေးနိုင်ပါသည်။

ကလေးငယ်၏ ဟာသဉာဏ်ကို နက်နဲစွာသိရှိ နှိုက်ထုတ်နိုင်လျှင် သင်ပို၍အောင်မြင်မည်။ ကလေးငယ်များ ဖျတ်လတ်စွာလှုပ်ရှားလာစေရန်နှင့် အိမ်ထောင်တစ်ခုအတွင်း မြူးကြွသွက်လက်လာစေရန် စွမ်းဆောင်နိုင်သောအရာသည် ရယ်မောပျော်ရွှင်ဖွယ် ဟာသဖြစ်ရပ်မှတစ်ပါးအခြားမရှိပေ။ မိဘများအဖို့ ခက်ခဲသည်မှာ ကလေးငယ်များနှင့် နေ့စဉ်လုံးပမ်းရှုပ်ထွေးရသဖြင့် ၎င်းတို့သည် သဘာဝဟာသဉာဏ် ကွန့်

မြူးရန် အင်အားမရှိတော့လောက်အောင်ပင် ခြေကုန်လက်ပန်းကျ နေကြရခြင်းဖြစ်ပါသည်။

အလုပ်တစ်ခုကို ပြီးမြောက်အောင် ဟာသနှော၍ စေခိုင်းရာတွင် အခြားအသံတစ်မျိုး သို့မဟုတ် အသံတုလုပ်၍ ပြောဆိုခြင်းသည် အောင်မြင်သောနည်းလမ်း တစ်ခုဖြစ်ကြောင်း ဖခင်တစ်ဦးက ပြောပြသည်။ သူ၏သားသမီးများအား ခိုင်းစေရာတွင် သူက စက်ရုပ်တစ်ရုပ်၏အသံမျိုးဖြင့် အသံကိုခပ်အစ်အစ်လုပ်ကာ "အခုပြောနေတာ အာစီသရီး ဖြစ်တယ်။ ရေခဲတုန်းကိုယူပြီး ရေခဲခွက်ထဲမှာ ရေပြန်မဖြည့်တဲ့သူကိုအာကာသအပြင်အက်က ဂြိုလ်သွားလမ်းထဲ ပို့ပြစ်ရလိမ့်မယ်။ ပြောထားတဲ့အတိုင်း တိတိကျကျလိုက်နာပါ" ဟုပြောလျှင် သူ၏ကလေးများက အလွန်သဘောကျသည်ဟု ဆိုပါသည်။

ကျွန်ုပ်သည် အကြောင်းကိစ္စတစ်ခုကို တစ်ခါတစ်ရံ ထပ်ကာတလဲလဲ ပြောနေတတ်ကြောင်း သတိပြုမိသည်။ ကျွန်ုပ်သိသမျှနည်းများကို အသုံးပြုသည့်တိုင် ဖြစ်မလာသောအခါ ကျွန်ုပ်ကိုယ်တိုင်က တဖျစ်တောက်တောက်ပြောတတ်၍ များလားဟု သံသယဖြစ်မိသည်။ ဤလို ပြဿနာကို ရှောင်ရှားနိုင်သည့် အခြားနည်းလမ်းရှိပါသေးသလား။

ကျွန်ုပ်တို့ ပြောသည်ကို ကလေးငယ်တစ်ဦးက မကြားလျှင် ကျွန်ုပ်တို့က ထပ်ကာထပ်ကာ ပြောလေ့ရှိသည်။ ကလေးငယ်ကို တစ်ခုခုပြုလုပ်ရန် နှစ်ခါ သုံးခါ ပြောချင်စိတ်ပေါက်လာလျှင် ထပ်မပြောပါနှင့်တော့။ သင်ပြောသည်ကို သူသေချာစွာ ကြားကြောင်းသေချာအောင်လုပ်ပါ။ ဥပမာ–

မေမေ – ဘီလီ ငါးမိနစ်ကြာရင် သွားမယ်နော်။

ဘီလီ – (ပြန်မဖြေဘဲ စာကိုသာဆက်ဖတ်နေသည်။)

မေမေ – မေမေ သားကိုဘာပြောလိုက်သလဲ ပြန်ပြောပြစမ်း။

ဘီလီ – ငါးမိနစ်ကြာရင်သွားမယ်လို့ပြောပါတယ်။

မေမေ – ကောင်းပြီ ဒါဆိုရင် မေမေပြောတာကိုသားကြားတာ သေချာတယ်။ နောက်ထပ်မပြောတော့ဘူးနော်။

ကျွန်ုပ်အတွက် ခက်နေသည်ကား သားကိုတစ်ခုခုခိုင်းလိုက်လျှင် "ဟုတ်ကဲ့ဖေဖေ ပြီးတော့လုပ်လိုက်ပါ့မယ်" ဟုပြောပြီး ဘယ်တော့မှ မလုပ်ခြင်းဖြစ်သည်။ ကျွန်ုပ်ဘာလုပ်ရပါ့မလဲ။

ထိုအခက်အခဲမျိုးကို မိဘတစ်ဦးက အောက်ပါအတိုင်း ဖြေရှင်းထားသည်။

ဖေဖေ – စတီဗင် မြက်ခင်းရိတ်ထားတာ နှစ်ပါတ်ရှိသွားပြီနော်။ ဒီနေ့ ရိတ်စေချင်တယ်သား။

သား – ဟုတ်ကဲ့ဖေဖေ ပြီးတော့ရိတ် လိုက်ပါ့မယ်။

ဖေဖေ – သားဘယ်တော့ ရိတ်ဖို့စိတ်ကူးထားသလဲ။

သား – ဒီအစီအစဉ်ပြီးတာနဲ့ ရိတ်လိုက်မယ်လေ။

ဖေဖေ – အစီအစဉ်က ဘယ်တော့ပြီးမှာလဲ သား။

သား – တစ်နာရီလောက်ကြာရင် ပြီးမှာပါ။

ဖေဖေ – ကောင်းပြီလေ။ ဒါဆို နောက်တစ်နာရီကြာရင် မြက်ရိတ်မယ်လို့ ဖေဖေမှတ်ထားလိုက်ပြီနော် ကျေးဇူးပဲသား။

ကလေးငယ်တစ်ဦးကို ချစ်ခြင်းမေတ္တာပြန့်ကျယ်၍ သွန်သင်လေ့ကျင့်ပေးရေးသည် အချိန်များစွာရယူပြီး ပိုမိုစိတ်ရှည်ရသော်လည်း ရေရှည်တွင် သူတို့ပို၍ လိမ်မာရေးခြား ရှိလာကြပါလိမ့်မည်။ သူတို့၏ ဆန္ဒကိုချိုးဖျက်၍ဖြစ်စေ၊ အပြစ်ပေးခြင်းဖြင့် ကြောက်ရွံ့စေ၍ဖြစ်စေ၊ နာခံတတ်အောင် အတင်းအကျပ်ပြုလုပ်ခြင်းထက် ချစ်ခြင်းမေတ္တာဖြင့် ဆွဲဆောင်ခြင်းက သူတို့အား ပို၍ရိုကျိုးနာခံတတ်လာစေပါသည်။

<u>၃။ အပြစ်ပေးမှုအစား အခြားနည်းကို ရွေးချယ်ခြင်း</u>

ပြဿနာကို ကြိုတင်စဉ်းစားစီစဉ်ထားခြင်းဖြင့် အကျိုးသက်ရောက်နိုင်မည်လား။ အဆိုပါ အချိန်မျိုးများတွင် ကျွန်ုပ်တို့၌ ကြိုတင်စဉ်းစားမှုပြုနိုင်သည်။ အားမရှိတတ်ကြပါ။ အောက်ပါတို့သည် အပြစ်ပေးခြင်းထက် အခြားနည်းလမ်းကို ရွေးချယ်အသုံးပြုခြင်းကြောင့် အကျိုးသက်ရောက်နိုင်သည့် နမူနာအချို့ဖြစ်ပါသည်။

(ကလေးငယ်) မေမေဘယ်သွားမလို့လဲ။

(မိခင်) ဈေးသွားမလို့။

(ကလေးငယ်) သားလည်းလိုက်ချင်တယ်။

(မိခင်) ဒီနေ့မလိုက်နဲ့ဦး။

(ကလေးငယ်) ဘာဖြစ်လို့လဲ။

(မိခင်) ဘာဖြစ်လို့လို့ သားထင်သလဲ ပြောပါဦး။

(ကလေးငယ်) ဈေးထဲမှာ လျှောက်ပြေးနေမှာ စိုးလို့ပေါ့။

(မိခင်) ဟုတ်တာပေါ့ကွယ်။

(ကလေးငယ်)　　တောင်းပန်ပါတယ်။ ဒီတစ်ခါလိုက်ပါရစေနော်။

(မိခင်　　　　ဈေးသွားမဲ့ရက်တွေ အများကြီးပါကွယ်။ ဒီနေ့တော့ မေမေတစ်ယောက်တည်းသွားမယ်။

အပြစ်ပေးရန်မလိုသော အခြားနည်းလမ်းများ

သင်၏ခံစားချက်ကို ခိုင်မာစွာပြောပါ။

"လွှအသစ်ကို မိုးရေထဲမှာထားခဲ့လို့ သံချေးတက်မှာကို ငါသိပ်ဒေါသဖြစ်တယ်။"

သင်၏ဖြစ်စေချင်သည်များကို ပြောပြပါ။

"ပစ္စည်းတွေကို ငှါးသွားပြီးရင် မပျက်မဆီးလဲ နဂိုအတိုင်း ချက်ခြင်းပြန်ပို့စေချင်တယ်။"

မည်ကဲ့သို့ပြုပြင်ရမည်ကို ပြသပါ။

"ဒီမှာကြည့်၊ သံချေးတက်နေတဲ့လွှကို ကော်ပါတ်နုနုကလေးနဲ့ပွတ်၊ သံချေးပြောင်သွားရင် အမဲဆီထူထူလေးလိမ်းသုတ်ထား။ နောက်ပြီး သုံးပြီးတဲ့အခါတိုင်း ဒီဇယ်ဆီပါးပါးလေး သုတ်ထားရင် နောက်ဆို သံချေးမတက်တော့ဘူးပေါ့။"

(ကလေး) သားအခုပဲလုပ်လိုက်မယ်ဖေဖေ

ဤကဲ့သို့ သွန်သင်ပြသမှုမျိုးသည် ကလေးငယ်များအတွက် တာဝန်သိသိ ဆောင်ရွက်တတ်စေရန် တိုက်တွန်းအားပေးရာရောက်ပါသည်။

သို့သော် ကလေးငယ်သည် ပစ္စည်းများကို ငှါးမြဲတိုင်းငှါးပြီး ပြန်ထားရန် မေ့မြဲတိုင်းမေ့မည်ဆိုပါက ကလေးငယ်ကို ရွေးချယ်ခွင့်တစ်ခုပေးပါ။

"ကဲ ဖေဖေပစ္စည်းတွေကိုငှါးပြီး ယူသုံးနိုင်တယ်။ ဒါပေမယ့် ပြန်မထားရင်နောက်တစ်ခါ ယူမသုံးရတော့ဘူး။ကိုယ်ဘာသာကိုယ် ဆုံးဖြတ်ပေတော့။"

သို့တိုင်အောင် ကလေးငယ်က ယူသုံးမြဲသုံးပြီး ပြန်ထားရန် မေ့မြဲတိုင်း မေ့နေမည်ဆိုပါက တစ်ခုခုအရေးယူဆောက်ရွက်ပါ။

(ကလေး)　　　ဖေဖေပစ္စည်း သေတ္တာကို သော့ခတ်ထားတယ်နော်။

(ဖခင်)　　　　ဟုတ်တာပေါ့ ဖေဖေလိုတဲ့အခါ ပစ္စည်းတွေကို အလွယ်တကူ ရအောင်လို့ပေါ့။

အကောင်းဆုံးသော အပြစ်ပေးမှု အမျိုးအစားဆိုသည်မှာ ကလေးငယ်များအား တစ်စုံတစ်ရာကို သင်ကြားပေးနိုင်သော လေ့ကျင့်ပေးသောသင်ခန်းစာ ရစေသော နောက်ထပ်၍ အများမပြုလုပ်နိုင်စေသော ပန်းပုထု သကဲ့သို့ သို့မဟုတ် လေ့ကျင့်ပျိုးထောင်ပေးသကဲ့သို့ သောအပြစ်ဒဏ်ပေးခြင်း ကိုဆိုလိုသည်။

<u>အတွေ့အကြုံများ</u>

သုံးနှစ်သားအရွယ် ကျွန်ုပ်၏သားငယ်ကလေး အိမ်သာတက်သည့်အခါတိုင်း ကျွန်ုပ်မကြာခဏ စိတ်ကသိကအောက်ဖြစ်ဖန်များပြီးနောက် ထိုပြဿနာဖြေရှင်းရမည့်နည်းကို သားနှင့်အတူ ကြိုးစားရှာဖွေရန် ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ်တို့ သားအဖနှစ်ဦးအတူထိုင်မိကြပြီးနောက် ကျွန်ုပ်က "ဒေးဗစ် သားတို့လို ကလေးတွေဟာ အိမ်သာသုံးတတ်ဖို့ ဘယ်လောက်ခက်လိမ့်မလဲလို့ ဖေဖေစဉ်းစားနေတယ်။ တစ်ခါတစ်ရံ သားကကစားရင်း အလုပ်ရှုပ်နေတော့ အိမ်သာတက်ဖို့ မေ့နေတာ ဖေဖေသိတယ်။"

သူကကျွန်ုပ်ကို မျက်လုံးဝိုင်းကြီးများနှင့် မော့ကြည့်နေသော်လည်း တစ်ခွန်းမှ ပြန်မပြောပါ။ ကျွန်ုပ်ကပင်ဆက်၍ "ဟော အိမ်သာသွားဖို့ သတိရတဲ့အခါကျတော့ အိမ်သာခန်းထဲဝင်ပြီး အိမ်သာခွက်ပေါ် ထိုင်ဖို့အချိန်မမှတော့ပြန်ဘူးမို့လား။"

"ဟုတ်ကဲ့" ဟုခေါင်းညိတ်သည်။

ထိုနောက်အိမ်သာတက်သည့် ကိစ္စကိုဖြေရှင်းနိုင်မည့် အကြံဉာဏ်များ ၊ မှတ်သားရန်အတွက် စာရွက်နှင့်ခဲတံယူခိုင်းလိုက်သည်။ သူက သူ့အခန်းထဲသို့ ဝင်သွားပြီး စာရွက်နှင့်ခဲတံအနီတစ်ချောင်းကို ယူလာခဲ့သည်။ သူနှင့် အတူထိုင်၍ စပြီးရေးတော့သည်။

အချက် ၂ခုကို စပြီးရေးမှတ်သည်။

ဂျင်မီ၏ ရေချိုးခန်းထဲတွင်ရှိသော ခြေနင်းခုံတစ်ခုဝယ်ရန်မေမေက ဒေးဗစ်အီအီးပါချင် မပါချင်မေးရန်၊ ထိုနောက်ဒေးဗစ်က "မေမေနဲ့ပီတာတို့က သားကိုမေးမှပေါ့" ဟုဖြည့်စွက်ပြောသည်။ (ပီတာမှာ အိမ်သာတက်တတ်နေပြီ ဖြစ်သည်။)

ဒေးဗစ်က "ပီတာက ယောကျာ်းလေးဝတ် ဘောင်းဘီအပွကြီးတွေဝတ်တယ်" ဟုပြောသဖြင့် ကျွန်ုပ်က ဒေးဗစ်အတွက် ယောကျာ်းလေးဝတ် ဘောင်းဘီအပွကြီးများ ဝယ်ရန်ဟုရေးမှတ်လိုက်သည်။

နောက်နေ့တွင် ကျွန်ုပ်ဈေးသို့ အပြေးအလွှားသွားကာ ဒေးဗစ်အတွက် ခြေနင်းခုံလေးနှင့် ဘောင်းဘီအပွကြီးများ ဝယ်ယူခဲ့သည်။

ဒေးဗစ်က ပစ္စည်းများကို ပီတာနှင့် သူ့မေမေတို့အား ဝမ်းသာအားရပြသောအခါ သူတို့ကလည်း ထိုပစ္စည်းများဟုတ်မှန်ကြောင်းပြောပြလိုက်သည်။

ဘယ်အချိန်တွင် အီအီးပါမည်နည်းဟူသော ကိစ္စကိုဒေးဗစ်နှင့် အတူစဉ်းစားကြပြန်သည်။ ဗိုက်နာပြီဆိုလျှင် ရေချိုးခန်းထဲဝင်ပြီး ဘောင်းဘီအပွကြီးကို အချိန်မီချွတ်ရန်လိုကြောင်း တိုင်ပင်ကြသည်။ သူ၏အခက်အခဲကို ကျွန်ုပ်ကိုယ်တိုင်ကပင် ကိုယ်ချင်းစာကြောင်းကို ဒေးဗစ်ကောင်းစွာ သဘောပေါက်သွားသည်။

မည်သို့ပင်ဖြစ်စေ ယခုဆိုလျှင် ၃လကြာခဲ့ပြီဖြစ်ပြီး ဒေးဗစ်သည်လည်း ကောင်းစွာအိမ်သာတက်တတ်နေပြီဖြစ်သည်။ သူ့ဘာသာ သူအိမ်သာတက်နိုင်ခြင်းကိုလည်း ဂုဏ်ယူမဆုံး ဖြစ်နေသည်။

လူများအား ကိုယ်ပိုင်မေးခွန်းများကို ကိုယ်တိုင်ဖြေဆိုကြည့်စေခြင်းဖြင့် ၎င်းတို့၏ ပြဿနာကို အဖြေရှာတတ်ရန် ကူညီပေးခြင်းသည် အကောင်းဆုံး သင်ကြားနည်းဖြစ်သည်။ ဖြစ်နိုင်ပါက ထင်သာမြင်သာအောင် လက်တွေ့လုပ်ဆောင်ရန်လိုအပ်သည်။

ဤသို့သောပြဿနာဖြေရှင်းနည်းမျိုးကို ကလေးများ အလေ့အကျင့် ရလာသောအခါ ပြဿနာအခက်အခဲများကို ၎င်းတို့၏ ညီအစ်ကိုမောင်နှမများနှင့်အတူတကွ ဖြေရှင်းနိုင်စွမ်း ပိုမိုထက်သန်လာကြသည်ဟု မိဘများကပြောပြကြသည်။ ထိုသို့ဖြေရှင်းနိုင်ခြင်းသည်ပင်လျှင် မိဘများအတွက် ကြီးစွာသော ဆုလဒ်တစ်ပါး ဖြစ်သည်။ ပြဿနာတစ်ခုကို ပါဝင်စွက်ဖက်ခြင်း၊ ဘေးဖယ်နေခြင်း၊ အဆုံးအဖြတ်ပေးခြင်းနှင့် အဖြေတစ်ခုထုတ်ပေးခြင်းတို့ ပြုလုပ်မည့်အစား ကလေးငယ်များအား ပြဿနာစတင်ဖြစ်ပေါ်ရာ လမ်းကြောင်းကို အစအဆုံးပြန်လည်ဖော်ပြခိုင်းသည်။ ကလေးငယ်များအနေဖြင့် ၎င်းတို့၏ ပြဿနာကို ကိုယ်တိုင်ဖြေရှင်းရန် တာဝန်ရှိစေကြောင်း နှိုးဆွပေးသည့် စကားမျိုးမှာ "သားတို့ ဒီကိစ္စက တကယ်ကို ခဲယဉ်းတယ်။ ဒါပေမဲ့ သားတို့နှစ်ယောက်ပေါင်းပြီး စဉ်းစားကြရင် နှစ်ဦးစလုံးသဘောတူမဲ့ အဖြေရမယ်လို့ ဖေဖေယုံကြည်တယ်" ဟူ၍ဖြစ်သည်။ ဖခင်တစ်ဦးထံမှ ရရှိသောနမူနာ တစ်ခုမှာအောက်ပါအတိုင်းဖြစ်သည်။

ဘရက်ဒ် (၄နှစ်)နှင့် တာရာ(၂နှစ်နှင့် ၆လ) တို့အိမ်ပြင်ဘက်တွင် ရှိနေကြသည်။ ဘရက်ဒ်က တာရာ၏စက်ဘီးကို စီးနေသဖြင့် ဘာရာက သူ့စက်ဘီးကို သူပြန်စီးချင်နေသည်။ တာရာက ဒေါသထွက်လာပြီး စက်ဘီးကိုတောင်းသော်လည်း ဘရက်ဒ်က စက်ဘီးပေါ်မှမဆင်းပေ။

သာမန်အားဖြင့်ဆိုရလျှင် ကျွန်ုပ်အနေဖြင့် "ဘရက်ဒ် ဆင်းစမ်း ဒါညီမလေးစက်ဘီး၊ သားမှာလည်း စက်ဘီးရှိသားနဲ့"ဟုပြောလိုက်ရန်တုန့်နှေးမနေသင့်ပေ။ သို့သော် ကျွန်ုပ်သည် တာရာ၏ဘက်မှ မစဉ်းစားဘဲ "အေး သားတို့နှစ်ယောက် ပြဿနာတက်နေပုံရတယ်။ တာရာက သူ့စက်ဘီးကို သူစီးချင်တယ်။ ဘရက်ဒ် သားကတာရာရဲ့ စက်ဘီးကိုစီးချင်တယ်။ တာရာကလည်း မစီးစေချင်ဘူး။" ဟုရှင်းပြပြီး နှစ်ဦးစလုံးကို "ဒီကိစ္စဘယ်လိုလုပ်ရင် ကောင်းမလဲလို့ မောင်နှစ်မ နှစ်ယောက်တိုင်ပင်ကြရင်ကောင်းမယ်" ဟုဆက်ပြောလိုက်သည်။

တာရာကတော့ ငိုမြဲပင်။ ဘရက်ဒ်က ခနမျှစဉ်းစားနေလိုက်သည်။ ပြီးလျှင် "သားစီးနေတုန်းမှာ တာရာက ကယ်ရီယာပေါ်လာထိုင်ပြီး သားဗိုက်ကို ဖက်ထားရင်ကောင်းမယ်ထင်တယ်ဖေဖေ" ဟု ကျွန်ုပ်ကိုပြောလိုက်သည်။

ကျွန်ုပ်က "အဲဒါက ဖေဖေ့ကို ပြောရမှာ မဟုတ်ဘူး။ တာရာ့ကိုပြောလေ"

ထိုအခါ ဘရက်ဒ်က တာရာကိုမေးရာ တာရာကလည်းသဘောတူသဖြင့် ဝင်လုဆဲနေရောင်ခြည်ထဲသို့ နှစ်ဦးသား စက်ဘီးစီး၍ထွက်သွားကြတော့သည်။

လွန်ခဲ့သောအပါတ်က ဆိုဖါပေါ်တွင် လိမ္မော်သီးအခွံများနှင့် အစွန်းကွက်များကို တွေ့ခဲ့သည်။ သားတို့ကို "ဘယ်သူလုပ်တာလဲ" ဟုမေးသောအခါ တစ်ယောက်ကိုတစ်ယောက်လွှဲချကြသည်။ ဘယ်သူ့မှာ အပြစ်ရှိလဲဟုစစ်ဆေးပြီး အပြစ်ပေးလျှင်လည်း မသင့်တော်သေး။ ကျွန်ုပ်ဘာလုပ်နိုင်မည်နည်း။

"ဒါဘယ်သူ့လက်ချက်လဲ" ဟူသောမေးခွန်းသည် "ကျွန်တော်မလုပ်ဘူး" ဟူသောအဖြေဆီသို့ အလိုအလျောက်ဦးတည်နေသည့်နည်းတူ "ကောင်းပြီ သားတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကတော့ လိမ်ပြောတာပဲ"ဟူသောသဘောသို့လည်း ရည်ညွှန်းနေပြန်သည်။ ပြဿနာ၏ အမှန်တရားကို ရှာဖွေလေလေ ကလေးများကလည်း သူတို့မသိကြောင်းငြင်းလေလေပင်။ ဒေါသဖြစ်စေသည့် အကြောင်းအရာကို တွေ့ခြင်းသည် အပြစ်ကျူးလွန်သူကို အပြစ်ပေးရေးထက် ဒေါသထွက်ကြောင်း ပြဖို့ကိုသာ အလေးသာစေသည်။

"ဆိုဖါပေါ်မှာ လိမ္မော်ခွံ တွေတွေ့လိုက်ရတော့ ဖေဖေစိတ်ဆိုးတယ်။ လိမ္မော်ခွံတွေက ဆိုဖါကို ဖျက်မရအောင် စွန်းတတ်တယ်။"

ထိုအခါ "ဒါပေမဲ့ ကျွန်တော်မှမလုပ်တာဘဲ" ဟူသောပြိုင်တူ ပြောသံကို သင်ကြားရပေမည်။ သို့ဆိုလျှင် အားလုံးသိအောင်ပြောနိုင်သည့်အခွင့်အရေးကို သင်ရပြီဖြစ်သည်။ ထို့ကြောင့်

"ဘယ်သူလုပ်တယ်၊ မလုပ်ဘူး ဆိုတာကို ဖေဖေစိတ်မဝင်စားဘူး"

"ဖြစ်ခဲ့တဲ့ ကိစ္စအတွက် တစ်ယောက်ပေါ်တစ်ယောက်အပြစ်ပုံချနေတာကိုလည်း ဖေဖေစိတ်မဝင်စားဘူး။ ရှေ့ဆက်ပြီး ဒီလိုမဖြစ်ဖို့ကိုဘဲ ဖေဖေလိုချင်တာ"

အပြစ်မတင်ခြင်း၊ အပြစ်မပေးခြင်းတို့ကြောင်း ကလေးများ တစ်ဦးကိုတစ်ဦး လက်စားချေခြင်းထက် တာဝန်ယူမှုအပေါ် ပိုမိုအလေးထားအောင် ကျွန်ုပ်တို့လမ်းဖွင့်ပေးရာရောက်ပေသည်။

"ကဲ ဆိုဖါပေါ်က လိမ္မော်ခွံတွေ၊ အစွန်းအကွက်တွေ ပျောက်သွားအောင် နှစ်ယောက်စလုံး အတူတူရှင်းကြတော့"

ကျွန်ုပ်တို့စိတ်ကသိကအောက် ဖြစ်စရာတွေ့သည့်အခါတိုင်း ဖြစ်နိုင်ပါက ပြုပြင်နိုင်သည့်အချက်ကို ထောက်ပြခြင်းဖြင့် ကလေးများအား ကူညီသင့်ပါသည်။ ကလေးငယ်သည် ရှေးဦးစွာ နောင်တရပြီးနောက် ကလေးငယ်အတွက် စိတ်သက်သာရာရသွားပြီးလျှင် သူ့ကိုယ်သူလေးစားထိုက်သော တာဝန်ရှိသော မိသားစုဝင်တစ်ဦး အဖြစ်ခံယူလာစေပါသည်။ ကျွန်ုပ်တို့ အနေဖြင့် မိဘများဖြစ်ကြသည့်အား လျော်စွာ ထိုသို့ပြင်ဆင်နိုင်သည့် အခွင့်အရေးကို ကလေးများအားဖြည့်စွမ်းပေးနိုင်ကြပါသည်။ အောက်တွင် နမူနာ အချို့ကိုဖော်ပြထားပါသည်။

"သားက ဂျောက်ဂျက်ကို မယူခင်တုန်းက ညီလေးကတခစ်ခစ်ရယ်ပြီးတော့ ဆော့နေတာ၊ ကဲ ညီလေးအငိုတိတ်အောင်ပြန်ချော့လိုက်ပါဦး။"

(ကလေး ငိုအောင်လုပ်ပြန်ပြီး မင်းတော့အရိုက်ခံရတော့မယ် ဟုပြေမည့်အစား)

"ပန်းကန်တွေ ဆေးမယ်လို့ပြောပြီး အိမ်ပြန်လာလို့ ရေဇလုံမှာပေကျံနေတဲ့ ပုဂံတွေနဲ့ ပြည့်နေတာတွေ့ လိုက်ရတော်တစ်ကယ့်ကို စိတ်ပျက်သွားတာပဲ။ ကဲ အိမ်ယာမဝင်မီ ပန်းကန်တွေဆေးပြီး နေရာတကျသိမ်းတာမြင်ချင်တယ်နော်"

(မနက်ဖြန်ညကျရင် အပြင်မထွက်ရဘူးမှတ်ပေတော့။ ဒါမှ ကိုယ့်ဂတိအတိုင်း လိုက်နာတတ်လိမ့်မယ်ဟု ပြောမည့်အစား)

ဖော်ပြပါစကားစုများသည် "သားလုပ်တာကို မကြိုက်ဘူး။ နောင်ဒီလိုမဖြစ်အောင် သတိထားလိမ့်မယ်လို့ မေမေ မျှော်လင့်တယ်" ဟူသော သဘောသက်ရောက်စေသည်။ ကလေးငယ်အနေဖြင့် " ငါလုပ်တာမဟုတ်ခဲ့လို့ အရိုက်ခံရတာ၊ ငါတော်တော် အသုံးမကျတာပဲ" ဟု တွေးမည့်အစား လူကြီးတစ်ဦးကဲ့သို့ "ငါနောက်ထပ် ဒီလိုမမှားအောင် ဘယ်လိုပြုပြင် ရပါ့မလဲ" ဟု ဘဝတစ်သက်လုံး တွေးခေါ်တတ်စေပေသည်။

စည်းကမ်းချမှတ်မည်ဆိုပါက စိတ်ဓါတ်ကိုပါ ပြောင်းလဲပေးနိုင်ရန်လိုအပ်ပါသည်။

"မ ....... ဘူး" ဟုပြောမည့်အစား အခြားနည်းဖြင့်ပြောခြင်း

က။ အကျိုးအကြောင်းပြောခြင်း (မ .... ဘူးကိုမသုံးပါနှင့်)

ကလေးငယ် - အခု ဆူဇီနဲ့သွားကစားရမလား။

မသွားရဘူး ဟုပြောမည့်အစား

အကျိုးအကြောင်းပြောခြင်း - ခဏနေရင်ထမင်းစားရတော့မယ်လေ။ ထိုသို့သိရသဖြင့် ကလေးငယ်က "ငါအခုတော့ မသွားရသေးဘူးထင်တယ်" ဟုသူ့ကိုယ်သူပြောကောင်းပြောပါလိမ့်မည်။

ခ။ ခံစားချက်များကိုလက်ခံခြင်း

ကလေးငယ် - တိရိစ္ဆာန်ရုံတွင် သားအိမ်မပြန်ချင်သေးဘူး။ ဆက်နေလို့မရဘူးလား။

မရဘူး။ အခုပဲသွားကြတော့မှာ ဟုပြောမည့်အစား

သူ၏ခံစားချက်ကို လက်ခံခြင်း - "သားနေချင်သပဆိုရင် အကြာကြီး အကြာကြီးနေလို့ရတာပေါ့ကွာ" (ကလေးငယ်၏ ပခုံးကိုဖက်လျက်) ဒီလောက်ပျော်စရာကောင်းတဲ့ နေရာက ပြန်ဖို့ဆိုတာမလွယ်ဘူးလေ။ ဒါပေမဲ့ ဒီနေရာကို မကြာခင်ထပ်ပို့ပေးမယ်လို့ ဖေဖေဂတိပေးတယ်"

ဂ။ ပြဿနာကိုရှင်းပြခြင်း

ကလေးငယ် - "မေမေ အခုသားကို စာကြည့်တိုက်ခေါ်သွားမလားဟင်"

"မခေါ်နိုင်တော့ဘူး။ နောက်မှခေါ်မယ်။"

ပြဿနာကို ရှင်းပြခြင်း - "သားကိုခေါ်သွားချင်တာပေါ့ကွယ်။ ခက်တာက မီးပြင်သမားက နာရီဝက်အတွင်း ရောက်တော့မှာမို့လို့ ပါသားရယ်"

ဃ။ ဖြစ်နိုင်ပါက "မ ..... ဘူး" အစား "အေး" တစ်ခွန်းဖြင့် အစားထိုးပြောခြင်း

ကလေးငယ် - ကစားကွင်းထဲသွားလို့ရမလား။

ထမင်းမှမစားရသေးဘဲ။ မသွားရဘူး ဟု ပြောမည့်အစား

"အေး" တစ်ခွန်းဖြင့်အစားထိုးခြင်း "အေးသွားရမှာပေါ့။ ထမင်းစားပြီးရင်သွားလေ။"

င။ သင့်ကိုယ်သင်စဉ်းစားချိန်ပေးပါ။

ကလေးငယ် - ဂယ်ရီ အိမ်ကိုသွားအိပ်လို့ရမလား။

ပြီးခဲ့တဲ့အပါတ်ကပဲ အိပ်ပြီးပြီ။ သွားမအိပ်ရဘူး ဟုပြောမည့်အစား

သင့်ကိုယ်သင်စဉ်းစားချိန်ပေး၍ "စဉ်းစားဦးမယ်" ဤသို့ပြောခြင်းတွင် အဓိပ္ပါယ် ၂မျိုးပါဝင်သည်။ ကလေးငယ်၏ စိတ်ဆန္ဒပြင်းပြမှုကိုလျော့ပါးစေပြီး (အနည်းဆုံးအားဖြင့် သူ၏တောင်းဆိုမှုကို အရေးတယူ စဉ်းစားလိမ့်မည်ဟု ကလေးငယ်သိသည်။) မိဘအနေဖြင့်လည်း အခြားသောနည်းကို သုံးရသည်။ "မ ... ဘူး" ဟူသောစကားသည် တိုတောင်းပြီး အခြားသောနည်းကို သုံးရသည့်စကားများမှာ ရှည်လျားသည်မှာ မှန်ပါသည်။ သို့သော် ထုံးစံအတိုင်းသုံးမည့် "မ ... ဘူး" ဟူသောစကားကို ရှောင်လွှဲမည်ဆိုပါက အခြားနည်းဖြင့်သုံးသောစကား (ပရိယာယ်စကား) များသည်ပင် တိုတောင်းသောစကား ဖြစ်လေ့ရှိပါသည်။

အကောင်းမြင်သော သဘောထားကိုသာ အစဉ်အလေးအနက်ထားပါ။

အဆိုးမြင်သဘောထားကို အလေးအနက်မထားပါနှင့်။

## ၄။ သင့်ကလေးငယ်အရွယ်ရောက်လာစေရန် အားပေးကူညီခြင်း

### ရွေးချယ်မှုများပြုလုပ်ပါစေ

အောက်ပါတို့သည် ကလေးငယ်များ ဆုံးဖြတ်ချက်ချရာတွင် တန်ဖိုးရှိသော အလေ့အကျင့်ကို ရရှိစေသည့် ရွေးချယ်မှုများဖြစ်ပါသည်။

(လူကြီး၏မေးခွန်းများ) – မီးခိုးရောင်ဘောင်းဘီတွေကို ကြိုက်သလား။ အနီရောင်ဘောင်းဘီတွေကို ကြိုက်သလား။
အအေးတခွက်လုံးသောက်မှာလား။ တစ်ဝက်သောက်မှာလား။
(ကစားကွင်းတွင်) ခဏကြာရင် သွားတော့မယ်နော်။ တစ်ခါလောက်လျော စီးဦးမလား။
ဒါမှမဟုတ် ဒန်းစီးချင်သေးလား။
ညစာမစားခင် ဂီတာတီးကျင့်မလား။ ညစာစားပြီးမှ ကျင့်မှာလား။ ဘယ်အချိန် အကြိုက်ဆုံးလဲ။

### အမေးအမြန်းမထူပါနှင့်

သားရဲ့ စာစီစာကုံးကို ဆရာမက သဘောကျရဲ့လား။ သချ်ာကော အောင်ရဲ့လား။ ကျောင်းဆင်းတော့ သားနဲ့ကစားဖို့ ဘယ်သူလာခေါ်သေးလဲ။ မဟုတ်ဘူး။ ဘာဖြစ်လို့လဲ စသည်ပြောမည်အစား "ဟော သားပြန်လာပြီလား" ဟုပြောပါ။

မွေးနေ့ပွဲမှာ ပျော်ခဲ့ရဲ့လား။ ဘယ်သူတွေလာသေးလဲ။ အပျံစားဝတ်လာကြသလား။ ဘာစားခဲ့ရလဲ။ ကကြသေးလား။ သားကောကသလား။ ဘယ်သူနဲ့ ကသလဲ။

သားပြန်လာတာ ဝမ်းသာတယ်ဟေ့ ဟုပြောပါ။

အမေးအမြန်းထူခြင်းသည် သူတစ်ပါး၏ ကိစ္စကို စပ်စုရာကျသည်။ ကလေးငယ်များသည် သူတို့ပြောချင်သော စကားကို ပြောချင်စိတ်ရှိသည့်အချိန်မှသာ ပြောလေ့ရှိကြပါသည်။

အရင်စလိုမဖြေပါနှင့်

ဖေဖေ မိုးရေဘယ်ကရတာလဲ။ (မိုးဘာကြောင့် ရွာတာလဲ။)

(လူကြီး) မိုးရေဆိုတာ ရေငွေ့ပျံပြီး အဲဒီရေငွေ့က အေးခဲလာရာက မိုးအဖြစ်ရွာတာပေါ့။ ဘယ်လိုဖြစ်လို့ မိုးရွာသလဲဆိုရင် ......... ဟုဖြေမည့်အစား

အခြားနည်းဖြေခြင်း

ဖေဖေ မိုးရေဘယ်ကရတာလဲ။ (မိုးဘာကြောင့်ရွာတာလဲ။)

(လူကြီး) ဟုတ်ပြီ– စိတ်ဝင်စားဘို့ကောင်းတဲ့မေးခွန်းပဲ။ သားကဘယ်လိုထင်လို့လဲ။ ကဲ တို့တွေစွယ်စုံကျမ်းထဲမှာ မိုးရေအကြောင်းဖတ်ကြည့်ရအောင်နော် ဟုဖြေပါ။
ဖွားဖွားက ဘာဖြစ်လို့ အပတ်တိုင်းလာလည်တာလဲ ဖေဖေ။
သူကသားတို့ကို ချစ်လို့ပေါ့။ ပြီးတော့နီးလည်းနီးတဲ့အပြင် .... ဟုဖြေမည့်အစား

အခြားနည်းဖြေခြင်း

ဖွားဖွားက ဘာဖြစ်လို့ အပတ်တိုင်း လာလည်တာလဲ ဖေဖေ။

သားကအံ့သြနေတယ်ပေါ့။ ကဲ ဖွားဖွားက ဘာဖြစ်လို့ဖေဖေတို့ဆီကို အပတ်တိုင်းလာလည်တာလဲ။ သားဖြေပါဦး ဟုဖြေပါ။

ကလေးများက မေးလာသောအခါ သူတို့၏အမေးကို သူတို့ကိုယ်တိုင် ဦးစွာစူးစမ်း ဖြေဆိုခွင့်ပေးရပါမည်။

သာမန်ဆရာတစ်ဦးက ပြောပြသည်။ ဆရာကောင်းတစ်ဦးက ရှင်းပြသည်။ မြင့်မြတ်သောဆရာတစ်ဦးက သရုပ်ပြ၍ရှင်းပြသည်။

သာလွန်မြင့်မြတ်သော ဆရာတစ်ဦးက စိတ်ကူးစိတ်သန်းပေါ်အောင် နှိုးဆွပေးတတ်သည်။

## အတွေ့အကြုံများ

သူ့သားနှင့် စာသင်ခန်းထဲတွင် အတူထိုင်မနေလျှင် ကလေးငယ်သည် ပြောလို့ဆိုလို့ကောင်းကြောင်း ကလေးမိခင်ငယ်တစ်ဦးကို ဆရာမက သဘောပေါက်အောင် ကြိုးစားရှင်းပြနေသည်။ မိခင်ထွက်သွားပြီး ငါးမိနစ်ခန့်ကြာသောအခါ ဂျိုနသန်ကလေးက ထူးထူးဆန်းဆန်း သန့်စင်ခန်းသို့ သွားချင်လာသည်။ ဆရာမက သန့်စင်ခန်းသို့သွားရန် ပြောသောအခါ ဂျိုနသန်လေးက "မသွားဘူး" ဟုပြောသည်။

ဆရာမက "ဘာဖြစ်လို့လဲ" ဟုမေးလျှင် "မေမေကမှ အဲဒီမှာမရှိတာ။ သားအိမ်သာတက်ပြီးရင် မေမေကလက်ခုပ်တီးပြီး အချက်ပေးတယ်" ဟုပြန်ဖြေပါသည်။

ဆရာမက ခနမျှစဉ်းစားလိုက်သည်။ "ဂျိုနသန် သန့်စင်ခန်းထဲဝင်ပြီးလို့ ကိစ္စပြီးရင် သားလက်ခုပ်တီးလိုက်ပါ" ဟုပြောလိုက်ရာ ဂျိုနသန်က မျက်လုံးပြူး၍ကြည့်သည်။

သန့်စင်ခန်းထဲသို့ပို့ပြီး ဆရာမက စောင့်နေသည်။ ခနကြာသောအခါ ပိတ်ထားသော သန့်သင်ခန်းတံခါးနောက်မှ လက်ခုပ်တီးသံကို ဆရာမကြားလိုက်ရသည်။

နောက်တစ်နေ့တွင် ဂျိုနသန်၏မိခင်က ဆရာမကိုပြောပြသည်မှာ ဂျိုနသန်အိမ်သို့ပြန်လာပြီး ပထမဆုံးပြောသောစကားမှာ "မေမေ သားဘာသာလက်ခုပ်တီးတတ်ပြီ။ မေမေ လက်ခုပ်တီးဖို့ မလိုတော့ဘူး" ဟူ၍ဖြစ်သည်။

"ရှင်မယုံဘူးလား။ သူ့အမေက အဲဒီကိစ္စကို တော်တော်ခေါင်းခဲနေတာ" ဟု ဆရာမက ကျွန်ုပ်အားရှင်းပြသည်။

ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့ကလေးငယ်များ၏ တိုးတက်မှုအတွက် ဂုဏ်ယူပြီးသူ့တို့၏ အမှီအခိုကင်းမှု ဖွံ့ဖြိုးလာသည့်အတွက် ကျေနပ်ပျော်ရွှင်သည့်ကြားမှပင် ကျွန်ုပ်၏အကူအညီကို တာရှည်မလိုတော့ခြင်းအတွက် လစ်ဟာနာကျင်ခံစားရခြင်းကိုပါ ယုံကြည်မိပါသည်။

ဤကားမိဘများ ဖြစ်ကြသည့် ကျွန်ုပ်တို့လျှောက်လှမ်းရမည့် ခါးသက်ချိုမြိန်သော လမ်းပေတည်း။ အကူအညီမဲ့နေသော လူသားငယ်ကလေးအား ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မှစ၍ ကျွန်ုပ်တို့အလုံးစုံ ပြုစုစောင့်ရှောက်ခဲ့ကြသည်။ သူ့အတွက် နှစ်ပေါင်းများစွာပင် ပူပန်ရပြီး စီမံရ၊ နှစ်သိမ့်ရနှင့် နားလည်အောင်ကြိုးစားခဲ့ကြသည်။ သူ့အပေါ်တွင် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ပုံအပ်ခဲ့သည်။ ကျွန်ုပ်တို့၏လုပ်အား၊ အသိပညာနှင့် အတွေ့အကြုံများကို ပုံအောခဲ့ကြသည်။ ထို့ကြောင့်ပင် တစ်နေ့တွင် သူ/သူမအရွယ်ရောက်လာရန်အတွက် အဇ္ဈတ္တ(အတွင်းအား) စွမ်းအင်များနှင့် ယုံကြည်မှုများကို မလွဲမသွေ ရရှိပေလိမ့်မည်။

အနာဂါတ်ကို ပုံသွင်း၍ ကမ္ဘာကြီးကို ဖန်ဆင်းမည့်သူများကား မိခင်များပင်ဖြစ်သည်။

## ပြစ်တင်ဝေဖန်မှုများ

### ကလေးများအားရွေးချယ်မှုပြုပါစေ

ကလေးငယ်တစ်ဦးအား နွားနို့တစ်ဝက်သောက်မလား။ တစ်ဖန်ခွက်သောက်မှာလား။ ပေါင်မုန့်ကို ပူအောင်ကင်မှာလား။ ကျွပ်အောင်ကင်မှာလားဟု မေးခြင်းသည် အကျိုးမရှိ၊ အဓိပ္ပါယ်မရှိဟု ယူဆကောင်းယူဆနိုင်ပေသည်။ သို့သော် အဆိုပါသေးငယ်သည့်ရွေးချယ်မှု ကလေးများသည်ပင် သူ့ကိုယ်ပိုင်ဘဝကို ထိန်းချုပ်ရေးတွင် ရွေးချယ်မှုအခွင့်အလမ်း တစ်ကြိမ်ပိုမို ရရှိအောင် ကြိုးပမ်းအားထုတ်ရန် ကိုယ်စားပြုသည့် သဘောသက်ရောက်သည်။ ဖခင်တစ်ဦးက ကျွန်ုပ်တို့ကိုအောက်ပါအတိုင်း ပြောပြသည်။

"ကျွန်တော့ဇနီးရယ်၊ ကျွန်တော်ရယ်၊ ကျွန်တော့်သား ၃နှစ်သားလေး တိုနီရယ် လမ်းဖြတ်ကူးမယ်လုပ်တုန်းမှာပေါ့။ အဲ ကျွန်တော်တို့မှာ လသားကလေးလေးလည်း ပါသေးတယ်လေ။ တိုနီက လမ်းဖြတ်ကူးရင် သူ့လက်ကို တွဲတာမကြိုက်ဘူး။ တစ်ခါတစ်လေ လမ်းခလယ်ရောက်ကာမှ အတင်းရုန်းထွက်တတ်သေတယ်။ ဒီတော့ လမ်းမကူးခင် ကျွန်တော်က ကဲ တိုနီ သားရွေးဖို့ ၂လမ်းရှိတယ်။ မေမေ့လက်ကိုတွဲရင်တွဲ၊ မတွဲရင် ဖေဖေ့လက်ကိုတွဲပြီး လမ်းကူးရမယ်။ ဒါမှမဟုတ်ရင် အန္တရာယ်ကင်းတဲ့ နည်းလမ်းကို သားပြောလို့ပြောလိုက်တယ်။

တိုနီက ခဏလေးစဉ်းစားပြီး "သားညီလေးတွန်းလှဲကိုကိုင်ပြီး ကူးမယ်လို့ပြောတယ်။" သူ့ရွေးချယ်နည်းကို ကျွန်တော်တို့ သဘောကျသွားတယ်လေ။

### ကလေးငယ်၏ ရုန်းကန်လှုပ်ရှားမှုကို လေးစားကြောင်းပြသပါ

ကလေးတစ်ယောက်အား "ဒါလေးကလွယ်ပါတယ်" ဟုပြောသောအခါ သူ့ကိုအားပေးရာရောက်သည်ဟု ကျွန်ုပ်တို့ယူဆလေ့ရှိကြသည်။ "လုပ်ကြည့်စမ်း ဒါကလွယ်ပါတယ်" ဟုပြောခြင်းသည် သူ့ကိုအားပေးရာမရောက်မှန်း သတိပြုမိလာသည်။ "လွယ်သည်" ဟူသောကိစ္စတစ်ခုကို ပြုလုပ်၍အောင်မြင် သွားသောအခါ ကလေးငယ်အနေဖြင့် စိတ်ကျေနပ်မှု အပြည့်အဝမရရှိပေ။ အကယ်၍ မအောင်မြင်ပါလျှင်လည်း အလားတူကိစ္စမျိုးကို အလေးငယ်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်တော့ပေ။

တစ်နည်းအားဖြင့် "ဒါကမလွယ်ဘူး" သို့မဟုတ် "နည်းနည်းခက်လိမ့်မယ်" ဟုပြောလျှင် ကလေးငယ်က သူ့ဘာသာသူ တစ်နည်းတစ်ပုံ စဉ်းစားကြည့်ပေမည်။ အကယ်၍ ထိုကိစ္စကို ကလေးငယ်အောင်မြင်အောင် ဆောက်ရွက်နိုင်လျှင် ခက်သောကိစ္စကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်းကို ဂုဏ်ယူတတ်သော အတွေ့အကြုံ ရရှိပေမည်။ မအောင်မြင်ခဲ့လျှင်လည်း သူ့အလုပ်ခက်ခဲကြောင်းကို သိရှိသွားသော စိတ်ကျေနပ်မှုမျိုးကို အနည်းဆုံးရရှိနိုင်ပေသည်။

အချို့မိဘများကလည်း "နည်းနည်းခက်လိမ့်မယ်" ဟုပြောရခြင်းကား လိမ်ညာပြောသကဲ့သို့ ဖြစ်မည်ကို စိုးရိမ်ကြသည်။ သို့သော် ထိုကိစ္စကို အတွေ့အကြုံမရှိသေးသော ကလေးငယ်ဘက်မှနေ၍ စဉ်းစားကြည့်ပါက သင်မတွေ့ဖူးသော ကိစ္စတစ်ခုကို ပထမဆုံးအကြိမ်ပြု လုပ်ရသောအခါ အလွန်ပင် ခက်ခဲဖူးသည်ကို သတိရကြပေလိမ့်မည်။

( ဒီအလုပ်က မင်းအတွက်ခက်လိမ့်မယ် ဟူသောအပြောမျိုးကို ရှောင်ပါ။ ဤသို့ပြောခြင်းကြောင့် "ငါ့ကျမှာဘာဖြစ်လို့ ခက်ရမှာလဲ။ တစ်ခြားလူတွေအတွက်ကော မခက်ဘူးလား" ဟူသည့် အတွေးမျိုးပေါ်ပေါက်လာနိုင်ပါသည်။)

"သေတ္တာကိုမဖွင့်ခင် ဇစ်ကြိုးအတိုင်း ဇစ်ကိုဆွဲတာက တစ်ခါတစ်လေ လွယ်တတ်တယ်"

"အလုပ်မလုပ်ခင် ရွှံ့ကိုဘောလုံးလို ဝိုင်းနေအောင်လုံးတာက တစ်ခါတစ်လေ လွယ်တတ်တယ်"

"သော့နံပါတ်တွေကို မဖွင့်ခင် သော့လက်ကိုင်ကို တစ်ခါနှစ်ခါလှည့်ထားပေးရင် တစ်ခါတစ်လေ ပွင့်လွယ်တယ်"

"တစ်ခါတစ်လေ လွယ်တတ်တယ်/ရတတ်တယ်" ဟူသောစကားကို ကျွန်ုပ်တို့သဘောကျသည်။ အကြောင်းမူ မလွယ်လျှင်လည်း ကလေးငယ်က သူမကျွမ်းကျင်၍ ဖြစ်မည်ဟူသော သဘောမျိုးထားရှိနိုင်၍ ဖြစ်သည်။

## ကလေးများကိုအားပေးနည်းများ

<u>သူမ၏ခန္ဓာကိုယ်ကို သူမဘာသာပိုင်ဆိုင်ပါစေ</u>

သူမ၏မျက်လုံးပေါ်တွင် ဖုံးအုပ်နေသောဆံပင်အား မကြာခန သပ်တင်ပေးခြင်း၊ ပခုံးကိုကိုင်၍ ဖြောင့်မတ်ပေးခြင်း၊ ကိုယ်ပေါ်မှ ဖုန်များကို ပုတ်ခါပေးခြင်း၊ ဘလောက်စ်အင်္ကျီကို စကတ်ထဲသို့သွင်းပေးခြင်း၊ ကော်လာကို ပြန်ခေါက်ပေးခြင်း စသည်တို့ကိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။ ကလေးများက ၎င်းတို့အား ဤသို့ရေးကြီးခွင်ကျယ်လုပ်ခြင်းမျိုးကို ၎င်းတို့၏ ကိုယ်ခန္ဓာလျှို့ဝှက်လုံခြုံမှုကို ထိပါးသည်ဟုယူဆလေ့ရှိကြသည်။ ၎င်းတို့အား နမူနာကောင်းပြ၍အားပေးပါ။

ပြစ်တင်ရှုတ်ချသောဝေဖန်မှုမျိုးကိုရှောင်ရှားပါ

"စာရေးရင်ဘာဖြစ်လို့ စာရွက်နဲ့မျက်နှာနဲ့ အပ်ထားရတာလဲ။ အိမ်စာလုပ်ရင် မတ်မတ်ထိုင်လုပ်လေ။ မျက်စေ့ပေါ်ကဆံပင်တွေကိုသပ်တင်လိုက်ဦး။ မင်းဘာရေးတယ်ဆိုတာ ဘယ်မြင်ရတော့မလဲ။ အင်္ကျီလက်ကြယ်သီးတပ်လေ။ လက်ကပွလွန်းပြီး ဟောင်းလောင်းကြီးဖြစ်နေတယ်။ ဒီရှပ်အင်္ကျီအဟောင်းကြီးတော့ လွှတ်ပစ်မှပဲ" စသည် စသည်ဝေဖန်မှုမျိုကိုမဆို စကားတက်သော ကလေးအနည်းငယ်မျှသာ နာယူကြပါလိမ့်မည်။

ဝေဖန်တတ်သူနှင့် နေရသောကလေးများတွင် တစ်ပါးသူအား ပြစ်တင်ဝေဖန်တတ်သည့် အလေ့အကျင့်စွဲငြိလာတတ်သည်။

မည်မျှငယ်ရွယ်သောကလေးပင်ဖြစ်ပါစေ။ သူ့ရှေ့တွင်သူ့အကြောင်းကိုကပြောပါနှင့်။

သင်က သင့်မိဘအနားတွင် ရပ်နေစဉ် သင့်မိခင်က အိမ်နီးချင်းတစ်ဦးအား သင့်အကြောင်း အောက်ပါအတိုင်းပြောပြနေသည်ကို စိတ်ကူးကြည့်ပါ။

"ပထမတန်းတုန်းကတော့ စာမဖတ်တတ်လို့ ကျောင်းတက်ရတာ သူမပျော်ဘူးလေ။ ခုတော့ဟန်ကျသွားပါပြီ"

"သူကလူတွေကို ခင်တတ်တယ်။ လူတိုင်းသူ့အပေါင်းအသင်းချည်းဘဲ"

"စိတ်မရှိပါနဲ့။ သူမနည်းနည်း ရှက်တတ်တယ်"

သူတို့အကြောင်း ဝေဖန်ပြောဆိုသလို ကြားရသောအခါ ကလေးများသည် သူတို့ကိုယ်သူတို့ မိဘများပိုင်ဆိုင်သော သက်မဲ့ဝတ္ထုပစ္စည်းများ သဖွယ်ထင်မှတ်လာကြသည်။

ကလေးငယ်ကိုယ်တိုင်ဖြေကြားပါစေ

ကလေးငယ်များ၏ ရှေ့တွင်မိလများအား အောက်ပါတို့ကိုထပ်ကာထပ်ကာမေးလာလျှင်

"ဂျွန်နီလေး ကျောင်းတက်ရတာပျော်ရဲ့လား"

"နောက်မွေးလာတဲ့ ကလေးလေးကို သူချစ်ရဲ့လား"

"ဟိုအရုပ်အသစ်ကလေးနဲ့ သူဘာဖြစ်လို့ မကစားတာလဲ"

ကလေးငယ်အား အလေးထားသည့် အနေဖြင့် ထိုသို့စူးစမ်းသော ပုဂ္ဂိုလ်အားဖြေကြားရမည်မှာ "ဂျွန်နီပြောပြပါလိမ့်မယ်။ သူအသိဆုံးပဲလေ။"

၅။ ကလေးများအားဇာတ်ရုပ်များသဖွယ် ပြောဆိုမှုမှ ရှောင်ကြည်ခြင်း

အချို့သောမိဘများသည် အချို့နေရာတို့၌ အောက်ပါကဲ့သို့သော စကားအချို့ကို တစ်ပါတ်တစ်ကြိမ်ခန့် ပြောဖြစ်ကြသည်။

"အကြီးဆုံးသားကတော့ ပြဿနာကောင်ပဲ။ အငယ်ဆုံးလေးကတော့ လိမ္မာပါတယ်"

"ဘော်ဘီကတော့ မွေးကတည်းက အနိုင်ကျင့်တဲ့ကောင်ပဲ"

"ဘီလီကတော့ ပွဲတိုင်းနိုင်ပဲဟော့။ ဘယ်သူမဆိုစမ်းလို့ရတယ်"

"မိသားစုထဲမှာတော့ မိုက်ကယ်က ရှေ့နေပဲ။ သူ့မှာဘယ်အရာမတွက်ဆို အမြဲတန်းဆင်ခြေရှိတယ်"

"ဂျူလီကိုဘာကျွေးရမှန်း မသိတော့ဘူး။ သူကအစားအသောက်သိပ်ချေးထူတာပဲ"

"ရစ်ကီကို အသစ်ဝယ်ပေးလို့တော့ ငွေဖြုန်းတာပဲ။ လက်ထဲရောက်လာတဲ့ ပစ္စည်းမှန်သမျှ အကုန်ဖျက်ဆီးပစ်တဲ့ ဖျက်စီးရေးသမား အစစ်ပဲ"

ထိုနာမည်တပ်သည့် အမှတ်တံဆိပ်များကို ကလေးများမည်သို့ ရရှိလာသနည်းဟု ကျွန်ုပ်မတွေးတတ်အောင် ဖြစ်လေ့ရှိသည်။ မိသားစုအတွင်း ဖြစ်ပျက်နေသည်များကို နှစ်ပေါင်းများစွာ ကြားပြီးသော ယခုအခါတွင်မူ ကလေးတစ်ယောက်အား ဇာတ်ကောင်တစ်ခုအဖြစ် ပမာတင်သုံးစွဲခြင်းသည် မသိမသာစတင်ခဲ့ရခြင်း ဖြစ်မည်ကို သတိထားလာမိသည်။ ဥပမာ တစ်နံနက်တွင် မေရီကသူမ၏ မောင်ငယ်လေးအား "ငါ့မျက်မှန်ပေးစမ်း" ဟုပြောရာ

မောင်လေးက "ကိုယ့်ဘာသာကိုယ်ယူပါလား။ ဆရာမကြီးလုပ်မနေနဲ့" ဟုပြန်ပြောလိုက်သည်။ ထို့နောက်သူမ၏ မိခင်ကို

"မေမေ ခေါင်းဖြီးပေးပါ။ အထုံးတွေ အကုန်ပြေအောင်လုပ်နော်" ဟုပြောရာ သူ့မိခင်က "မေရီ ညည်းဆရာလုပ်ပြန်ပြီလား" ဟု ပြောလိုက်သည်။

ခဏကြာပြန်သောအခါ "စကားမပြောနဲ့ဦး။ ကတ်ဆက်ဖွင့်မလို့" ဟုသူ့ဖခင်ကိုပြန်ပြောရာ သူ့ဖခင်က "ဆရာမကြီးစကားကို နားထောင်ကြဟေ့" ဟုပြောလိုက်ပြန်သည်။

တဖြည်းဖြည်းနှင့် နာမည်ပေးခံရသောကလေးသည် ဇာတ်ရုပ်အတိုင်း စတင်ကပြတော့သည်။ ဆိုလိုသည်မှာ "ဆရာမ" ဟုခေါ်သည့် အတိုင်း ဆရာလုပ်ခြင်းဖြစ်သည်။ နောက်ဆုံးတွင် လူတိုင်းက မေရီကို ဆရာမကြီးဟုခေါ်လျှင် မေရီသည်အကယ်ပင် ကျောင်းဆရာမကြီး မလွဲမသွေဖြစ်ရတော့မည်ပင်။

သို့ရာတွင် မည်သည့်အကြောင်းကြောင့် ဖြစ်စေ ကလေးတစ်ဦးသည် ဇာတ်ကောင်တစ်ခုအဖြစ် ခိုင်းနှိုင်းခြင်းခံရပြီဆိုတိုင်း ထိုကလေး၏ ကျန်သောဘဝတစ်လျှောက်လုံး ထိုဇာတ်ကောင်အဖြစ် သရုပ်ဆောင်ရတော့မည်လော။ သူသည် ထိုသို့ခေါ်သည့်အတိုင်း စွဲမြဲနေရမည်လော။ (သို့မဟုတ်) သူ့အစွမ်းအစအတိုင်း မည်သို့ပင် ဖြစ်စေကာမူ ဤအစွဲမှကင်းလွတ်နိုင်ပါမည်လော။

ကလေးတစ်ဦးတွင် မရှိသော အရည်အသွေးကို စွဲမြဲခိုင်မာစေခြင်းထက် ကောင်းသောအရည်အသွေးကို ပိုင်ဆိုင်စေခြင်းက ပို၍ ကောင်းပါသည်။

ကလေးများအားအပျော်အပျက်တင်စားပြောဆိုခြင်းမှကင်းလွတ်စေရေး

၁။ သူကိုယ်တိုင်/သူမကိုယ်တိုင်၏ ပုံရိပ်သစ်ကို ပြသနိုင်ရန် အခွင့်အလမ်းများရှာဖွေပါ။

၂။ ကလေးများအား သူတို့ကိုယ်သူတို့ ကွဲပြားစွာမြင်နိုင်သော အခြေအနေများရောက်အောင် စီစဉ်ပါ။

၃။ ကလေးများ၏ ကောင်းကြောင်း သင်ပြောသည်ကိုသာ ကလေးများအမှတ်မဲ့ကြားပါစေ။

ကလေးများအား လေ့ကျင့်ပျိုးထောင်ရာတွင် ချီးမွမ်းခြင်းသည် အရေးကြီးဆုံးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

၄။ သင်၏ချစ်သော/ လိုချင်သောအပြုအမူကို ပုံသွင်းပေးပါ။

၅။ သင့်ကလေးငယ်၏ သီးခြားအရေးပါမှုကို ထိန်းသိမ်းထားပါ။

ကလေးငယ်များအား သူကိုယ်တိုင်/သူမကိုယ်တိုင် ပုံရိပ်သစ်တစ်ခု (မျှော်မှန်းချက်သစ်တစ်ခု) ကိုပြသရန် အခွင့်အလမ်းများရှာဖွေပါ။

ဖျက်ဆီးတတ်သောကလေးတစ်ဦးအတွက်နမူနာ

"ဒီအရုပ်ကလေးကို သား ၃နှစ်သားကတည်းက ရခဲ့တာ၊ ကြည့်စမ်း ခုထိအသစ်အတိုင်းပါပဲလား။"

၆။ ချီးမွမ်းခြင်းနှင့်ကိုယ့်ကိုယ်ကို အထင်ကြီးလေးစားမှု

၁။ တွေ့မြင်သည့်အတိုင်းပြောပါ။

"ကြမ်းပြင်တွေက သန့်ရှင်းနေတယ်။ အိပ်ရာကလည်း သပ်ယပ်ပြီး စာအုပ်တွေကလည်း စင်ပေါ်မှာ စီစီရီရီနဲ့ ရှိနေတာ သိပ်ကောင်းတယ်"

၂။ ခံစားရသည့်အတိုင်းပြောပါ။

"ဒီအခန်းထဲဝင်ရတာ စိတ်ချမ်းသာလိုက်တာ"

၃။ ကလေးငယ်၏ ချီးမွမ်းထိုက်သော အပြုအမူများအတွက် စကားတစ်လုံးတည်းဖြင့် ခြုံ၍ပြောပါ။

"ခဲတံတွေ၊ ခရေယွန်တွေနဲ့ ဖောင်တိန်တွေကို ရွေးပြီးသူ့ဘူးနဲ့သူ သီးခြားစီထည့်ထားတာကိုး။ အေး အဲဒါမှ စုစုစည်းစည်းရှိတယ်လို့ခေါ်တာ"

စကားတစ်လုံးတည်းဖြင့်ခြုံ၍ပြောခြင်း

(လူကြီး) – ဒီစကားလုံးတွေကို မှတ်မိအောင်ကျက်နေတာ တစ်နာရီကျော်ပြီ သား။ ဒါမှ ဇွဲရှိတယ်လို့ခေါ်တာ။

(လူကြီး) – သားကအိမ်ကို ၅နာရီပြန်ရောက်မယ်ပြောတယ်။ အခု ၅နာရီထိုးပြီ။ အဲဒါကို အချိန်မှန်တယ်လို့ခေါ်တယ်။

(လူကြီး) – အပင်လေးတွေခြောက်နေတာတွေကို သားကရေလောင်းတယ်။ ဦးဆောင်ဦးရွက်လုပ်တယ်ဆိုတာ ဒါပဲပေါ့။

ကလေးများအား ချီးမွမ်းခြင်းဖြင့် တိုးတက်အောင်မြင်စေပါသည်။ ကလေးငယ်၏ မှားယွင်းသော အပြုအမူအတွက် အပြစ်တင်ခြင်းထက် ကောင်းမြတ်မှန်ကန်သော အလုပ်နှင့် အပြုအမူကို ချီးမွမ်းရန် ပို၍အရေးကြီးပါသည်။ အကောင်းမြင် သဘောထားကို အစဉ်နှလုံးသွင်းပါ။

ချီးမွမ်းရာတွင် သတိပြုရန်အချက်များ

၁။ ချီးမွမ်းခြင်းသည် သင့်ကလေးငယ်၏ အသက်နှင့်လုပ်ဆောင်နိုင်စွမ်းတို့နှင့် လျော်ညီမှုရှိပါစေ။ ငယ်လွန်းသော ကလေးတစ်ဦးအား "သားက သွားလေးတွေဖွေးနေအောင် နေ့တိုင်းတိုက်တယ်နော်" ဟုဝမ်းသာအားရ ချီးမွမ်းပါက ကလေးငယ်သည် သူ၏အောင်မြင်မှုအတွက် ဂုဏ်ယူလေ့ရှိသည်။ ဆယ်ကျော်သက် ကလေးငယ်တစ်ဦးကို ဤသို့ပြောလျှင်မူ သူ့ကိုစော်ကားရာရောက်နိုင်ပေသည်။

၂။ ယခင်ကရှိခဲ့သော အားနည်းချက်များ၊ ရှုံးနိမ့်မှုများကို အရိပ်အမြွက်ဖော်ပြသည့် ချီးမွမ်းမှုမျိုးကို ရှောင်ကြဉ်ပါ။

"နောက်ဆုံးတော့ ဒီဂစ်တာလေးကို မင်းတီးတတ်သွားပြီပေါ့"

"ဒီနေ့သိပ်လှနေပါလား။ မင်းကိုယ်မင်း ဘာတွေများလုပ်ခဲ့လို့လဲ"

"ဒီသင်တန်းကို မင်းအောင်မယ်လို့ ငါမထင်ခဲ့ဘူး။ ခုတော့အောင်သွားပြီပေါ့"

ကလေးငယ်၏ လက်ရှိကြိုးပမ်းအားထုတ်မှုကို အလေးပေးသောစကားစုများဖြင့် ချီးမွမ်းပါ။

"ဒီဂီတာလေးကို စည်းဝါးမှန်မှန်နဲ့ မင်းတီးနေတာ ငါသိပ်ကြိုက်တယ်"

"မင်းကိုမြင်ရတာ ရင်ထဲမှာအေးသွားတာပဲ"

"ဒီသင်တန်းအောင်ဖို့ မင်းတော်တော်ကြိုးစားခဲ့တာပဲ"

"ကျွန်ုပ်အားအနည်းငယ်ပို၍ ကြင်နာတတ်သူဖြစ်ပါစေ။
ကျွန်ုပ်အားအနည်းငယ်ပို၍ မသိမြင်တတ်သူဖြစ်ပါစေ။
ကျွန်ုပ်၏ဝန်းကျင်ရှိ မှားယွင်းမှုများအတွက် ပို၍
ချီးမြှောက်နိုင်စွမ်း ရှိသူဖြစ်ပါစေ"

၃။ လွန်ကဲသော စိတ်အားထက်သန်မှုသည် ကလေးငယ်၏ ကိုယ်တိုင်ပြီးမြောက်အောင် ဆောင်ရွက်လိုသော ဆန္ဒကိုစွက်ဖက်ရာရောက်နိုင်သည်ကို သတိထားပါ။ တစ်ခါတစ်ရံ ကလေးငယ်များ၏ လုပ်ဆောင်မှုအပေါ် မိဘများ၏ အမြဲတန်းအားမလို အားမရဖြစ်မှု (သို့မဟုတ်) အလွန်အမင်း ပျော်ရွှင်မှုတို့ကြောင့် ကလေးငယ်တွင် ဖိအားပေးခံရသလို ဖြစ်တတ်သည်။

"မင်းက စန္ဒရားတီးတာမှာတော့ တကယ့်ပါရမီရှင်ပဲ။ ကာနက်ဂီးခန်းမမှာ သွားတီးဖို့ကောင်းတယ်" ဟု နေ့စဉ်ရက်ဆက်၊ ကြိမ်ဖန်များစွာ တိုက်တွန်းခံရသော လူငယ်တစ်ဦးက "ငါ့ဘာသာသွားချင်တာထက် သူတို့ကငါ့ကိုပိုသွားစေချင်တာကို" ဟု သူ့ဘာသာသူ အတွေးဝင်နိုင်ပေသည်။

၄။ ကလေးတစ်ဦးက နားလည်သဘောပေါက်စွာ လုပ်ဆောင်သောအလုပ် တစ်ခုကို သင်ကထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုသို့အလုပ်မျိုးကို ထပ်ကာထပ်ကာလုပ်ဆောင်လိမ့်မည်ဟု ကြိုတင်တွေးဆ ပြင်ဆင်ထားပါ။ ခရာသံကို ၅ချက်ထက်ပိုပြီး မမှုတ်စေလိုပါက "ခရာသံကို အကျယ်ကြီးမြည်အောင် မင်းမှုတ်တက်သားပဲ" ဟူသောအပြောမျိုးကို ရှောင်ကြဉ်ရပါမည်။ သူမကို သစ်ပင်ထိပ်ဖျားသို့ မတက်စေချင်လျှင် "သစ်ပင်တက်ရင် ကြွက်သားတွေ ဘယ်လိုအားထည့်ပြီး တက်ရတယ်ဆိုတာ သမီးသိသားပဲ" ဟုမပြောပါနှင့်။ ချီးမြှောက်ခြင်းသည် ပြုလုပ်မှုတစ်ခုကို ထပ်ကာထပ်ကာနှင့် လွန်ကဲစွာ ပြုလုပ်မှုကို လက်ယက်ခေါ်သကဲ့သို့ ဖြစ်တတ်သည်မှာ သံသယရှိဖွယ်မလိုပါ။ ယင်း၏ စွမ်းအားကား ခိုင်မာလှသည့် ချီးမြှောက်ခြင်းကို စဉ်းစားချင့်ချိန် ရွေးချယ်အသုံးပြုပါ။

မေးခွန်းများ

ကျွန်ုပ်၏သားငယ်သည် ကျွန်ုပ်၏ချီးမွမ်းခြင်းကို မကြာခဏခံရသည့်တိုင် မှားယွင်းမည် သို့မဟုတ် ရှုံးနိမ့်မည်ကို စိုးရိမ်နေဆဲ ဖြစ်သည်။ သူလုပ်လိုက်သော ကိစ္စတစ်ခါ အဆင်မပြေလျှင် လူရောစိတ်ပါ ပိုကျသွားတတ်သည်။ ကျွန်ုပ်ဘာလုပ်ရမည်နည်း။

သူ့အားအကူအညီပေးနိုင်သည့် နည်းလမ်းများစွာရှိပါသည်။

၁။ သူ့စိတ်ဓာတ်ကျသွားလျှင် သူ၏သောကများကို သေးသိမ်သွားအောင် မလုပ်ပါနှင့်။ (ဒါလေးများ စိတ်ဓါတ်ကျစရာမလိုပါဘူး) ဟု ပြောမည့်အစား သူ့ခံစားနေရသည်ကို ပွင့်ထွက်လာအောင်ဖွင့်ပေးပါ။

"စီမံချက်တစ်ခုမှာ အချိန်ယူပြီးမှ သားထင်တဲ့အတိုင်းဖြစ်မလာတာဟာ တစ်ကယ့်ကို စိတ်ရှုပ်စရာပဲလေ" သူ၏ရှုပ်ထွေးမှုကို နားလည်သွားလျှင် ကလေးငယ်အတွက် စိတ်သက်သာရာရသွားပါသည်။

၂။ မိဘတစ်ဦးသည် ကလေးငယ်၏ အမှားများကို လက်ခံနိုင်ပြီး ယင်းအမှားများသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသော အစိတ်အပိုင်းအဖြစ် ရှုမြင်နိုင်လျှင် အကျိုးသက်ရောက်ပါသည်။

အမှားတစ်ခုကိုလေ့လာ တွေ့ရှိချက်တစ်ရပ်အဖြစ်ပင် ညွှန်ပြနိုင်ပါသည်။ ထိုအမှားက ယခင်က မသိသောအကြောင်းအရာတစ်ခုကို ပြောပြနိုင်ပါသည်။

"မကျက်တကျက်ပြုတ်ထားသော ကြက်ဥကို ရေနွေးပူထဲက ဆယ်ထုတ်ထားပြီး ကြာလာလျှင် မာသွားတာကိုသာ တွေ့တယ်ပေါ့"

၃။ မိဘများက မိမိတို့၏အမှားများကို ကိုယ်တိုင်လက်ခံလျှင်လည်း အကျိုးသက်ရောက်နိုင်ပါသည်။ မိဘများက (ငါတော့ သော့မေ့ခဲ့ပြန်ပြီ။ ငါဘယ်လိုဖြစ်နေပါလိမ့်။ ဒါဟာမေ့သင့်တဲ့ ကိစ္စမဟုတ်ဘူး။ ငါဘယ်လောက်အသုံးမကျလိုက်သလဲလို့။ ဘယ်တော့မှလည်းအမှတ်မရှိဘူး။) ဟုကိုယ့်ကိုယ်ကို အပြစ်တင်သည်ကို ကလေးများအနေဖြင့် ၎င်းတို့အမှားအယွင်း ရှိခဲ့လျှင်လည်း ဤနည်းတူပင်ပြုသင့်သည်ဟု မှတ်ယူလေ့ရှိကြသည်။

ထိုသို့ပြောမည့်အစား ကျွန်ုပ်တို့ကလေးများအတွက် ပို၍ဂရုဏာသက်ဖွယ်ဖြစ်ပြီး ပြဿနာ၏ အဖြေကိုဦးတည်သော နမူနာတစ်ခုကို ဖန်တီးကြည့်ကြစို့။ ကျွန်ုပ်တို့ မလုပ်ချင်ခဲ့သော အရာတစ်ခုကို လုပ်မိသောအခါ ကိုယ့်ဘာသာကိုယ် ကျယ်လောင်စွာ ပြောနိုင်သည့် အခွင့်အရေးကိုဖမ်းဆုပ်ပြီး

"ငါသော့ကို မမေ့ခဲ့ရင်ကောင်းမှာ။ ခုတော့ ၂ခါတောင်ရှိပြီ။ နောက်ထပ်မမေ့အောင် ငါဘယ်လိုလုပ်ရပါ့မလဲ။ ဟုတ်ပြီ။ ငါသိပြီ။ သော့တူတစ်ချောင်းလုပ်ပြီး တစ်နေရာမှာဝှက်ထားမှပဲ"

ကျွန်ုပ်တို့ကိုယ်ကျွန်ုပ် ဂရုဏာသက်ခြင်းဖြင့် ကလေးငယ်များအား သူတို့ကိုယ်သူတို့ ဂရုဏာသက်တတ်စေရန် သင်ကြားခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ကလေးငယ်များသည် အံ့ဩဖွယ်ကောင်းသော သားကောင်းရတနာများ ဖြစ်နေရခြင်းအကြောင်းရင်းမှာ မိဘများဖြစ်သောကျွန်ုပ်တို့နှင့် ဆရာများဖြစ်သော သင်တို့၏နမူနာကောင်းများကြောင့်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ကဲ့သို့ပင် မိသားစုနှင့်ဘုရားသခင်ကို သူ တို့ယုံကြည်မြတ်နိုးကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သင့်ကို ယုံကြည်ကြသည်။ မိသားစုအတွင်း သင်နေထိုင်ကြောင်း သူတို့သိသည်။ သင်သည် မိသားစုဖြစ်ကြောင်း သူတို့သိသည်။ ထိုအချက်များကို သူတို့သံသယမရှိကြပါ။ သင့်ကို သူတို့ချစ်ခင်လေးစားယုံကြည်ကြပါသည်။

မိဘများကချီးမွမ်းရာတွင်

မိုက်ကယ်က သူပထမဦးဆုံးအကြိမ် အိပ်ယာသိမ်းထားသည်ကို ကျွန်ုပ်အားခေါ်၍ ပြသည်။ သူက စိတ်လှုပ်ရှားစွာဖြင့် ခုန်ဆွခုန်ဆွလုပ်နေသည်။ အိပ်ရာခင်းအဖုံးသည် ခေါင်းအုံးများပေါ်သို့ မဖုံးမိသည်ကို လည်းကောင်း၊ အိပ်ယာခင်းဖုံးတစ်ဘက်စွန်းသည် ကြမ်းပြင်တွင် ဒရွတ်တိုက်ကျနေပြီး ကျန်တစ်ဘက်က တိုနေသည်ကိုလည်းကောင်း သူ့ကိုမပြောခဲ့ပါ။ ကျွန်ုပ်က "ဟား ငါ့သားက အိပ်ယာတစ်ခုလုံးနီးပါး လုံအောင်ဖုံးထားတာကို" ဟုသာပြောလိုက်သည်။

နောက်တစ်နေ့ နံနက်တွင် သူကကျွန်ုပ်ကိုထပ်ခေါ်ပြီး "တွေ့လား ခေါင်းအုံးတွေလည်း လုံအောင်ဖုံးထားတယ်။ အနားတွေလည်း ညီနေတယ်ဖေဖေ" ဟုပြောလိုက်သည်။

ကျွန်ုပ်အလွန် အံ့အားသင့်သွားပါသည်။ ကလေးငယ်များတိုးတက်လာစေရန် သူတို့၏အမှားများကို ထောက်ပြသင့်သည်ဟု ကျွန်ုပ်ယူဆခဲ့သည်။ သို့သော် မိုက်ကယ်အားသူ့လုပ်ရပ်မှန်ကန်မှုကိုသာ ကျွန်ုပ်ပြောခဲ့သောကြောင့် သူ့ဘာသာသူတိုးတက်အောင် ကြိုးစားလာချင်စိတ်ပေါက်လာစေကြောင်းတွေ့ရပေသည်။

တန်တစ်ယောက် အိမ်မှုကိစ္စများကို လိုလိုချင်ချင်နှင့် ရွှေ့ဆောင်ရွှေ့ရွက်လုပ်လေ့ မရှိခြင်းကိုပင် ကျွန်မစိတ်ကသိကအောက်ဖြစ်နေရသည်။ အသက် ၉နှစ်ရှိလာပြီဖြစ်၍ အိမ်မှုတာဝန်များကို ပိုပြီးယူသင့်ပြီဟု ကျွန်မထင်သည်။

အင်္ဂါနေ့ညက ညစာထမင်းစားပွဲပြင်ရန် သူ့ကိုပြောခဲ့သည်။ အလုပ်တစ်ခုပြီးဖို့ အရေးတွင် သူ့ကိုအမြဲမပြတ်ကြိမ်တို့ပြီး ခိုင်းနေရသည်။ သို့သော သည်တစ်ကြိမ်တွင်မူ ဘာတစ်ခုမျှ သတိပေးစရာမလိုဘဲ အားလုံးပြီးစီးအောင် ပြင်ဆင်ထားသည်။ သို့ဖြင့် ကျွန်မ အမျိုးသားအား "ဖရန့်ရေ ဟန်လုပ်ထားတာတွေ့လား။ စားပွဲခင်းလည်း ခင်းထားတယ်။ ပန်းကန်ပြားတွေ၊ အချဉ်ဇလုံ ပြီးတော့ လက်သုတ်ပဝါနဲ့ ဇွန်းခက်ရင်းတွေ အစုံပါပဲ။ တကယ့်ကို တာဝန်ကျေတယ်နော်" ဟုတန်မကြားတကြားပြောလိုက်သည်။ တန်ကတော့ ထူးထူးခြားခြား တုန့်ပြန်ခြင်းမပြုပါ။

ထို့နောက် ကျွန်မကလေးသိပ်ရန် အပေါ်ထပ်သို့တက်သောအခါ ၁၅မိနစ်ကြာလျှင် အပေါ်ထပ်တက်ခဲ့ရန် တန်ကိုမှာထားခဲ့သည်။ တန်က "ဟုတ်ကဲ့" ဟုပြန်ပြောသည်။

၁၅ မိနစ်ကြသောအခါ တန်အပေါ်ထပ်သို့တက်လာပြီး အိပ်ယာဝင်ပါသည်။ ကျွန်မက "၁၅မိနစ်ကြာရင် အပေါ်တက်လာပြီး အိပ်ရာဝင်တော့လို့ သားကိုမေမေပြောခဲ့တယ်။ ဟော အခုရောက်လာပြီ။ အချိန်အတိအကျပဲကွယ်။ အဲဒါမျိုးပေါ့ မေမေပြောပြောနေတဲ့ ဂတိတည်တတ်တဲ့လူစားမျိုးဆိုတာ" ဟုပြောရာ တန်ကပြုံးနေလိုက်ပါသည်။

နောက်နေ့တွင် ညစာမတိုင်ခင် မီးဖိုချောင်ထဲသို့ တန်ဝင်လာပြီး "မေမေ ထမင်းစားပွဲ ပြင်တော့မယ်" ဟုပြောလိုက်ပါသည်။

ကျွန်မကြက်သေသေသွားမိပါသည်။ ပြီးမှ "မေမေမခေါ်ခင် သားရောက်လာတာကို မေမေသိပ်သဘောကျတာပဲ" သူ့တွင်ရှိသော လိမ္မာရေးခြားရှိသည့် ကောင်းကွက်ကလေးများကို ကျွန်မရှာကြည့်လေလေ သူကပို၍ လိမ္မာရေးခြားရှိလာလေလေပင်ဖြစ်ပါသည်။

စစ်မှန်သော ချစ်ခြင်းမေတ္တာ အနည်းငယ်လေးမျှ ပြသလိုက်ခြင်းသည်ပင် လူတစ်ဦးအား ပစ္စုပ္ပန်အတွက် အားတက်စေသည် သာမကအနာဂတ်လည်း ပို၍တောက်ပသော အမြင်များကို ရရှိစေပါသည်။

## သင်၏ပြဿနာသည်အဘယ်နည်း

တစ်ခါက ၇နှစ်သားအရွယ် ယောကျ်ားကလေး ၂ဦးရှိသည်။ တစ်ဦးမှာ ဘရုစ်ဖြစ်ပြီး၊ တစ်ဦးမှာ ဒေးဗစ်ဖြစ်သည်။ နှစ်ဦးစလုံးတွင် မိခင်များရှိကြပြီး သူတို့အားအလွန်ချစ်မြတ်နိုးကြသည်။

ကလေးတစ်ဦးစီ၏ ဘဝတွင် တစ်နေ့တစ်ခြားကွာလှမ်းစပြုလာခဲ့သည်။ နံနက်အိပ်ယာမှ နိုးလျှင်နိုးချင်း ဘရုစ်စ၍ကြားလိုက်ရသည်မှာ "ထတော့လေ ဘရုစ် ကျောင်းနောက်ကျနေဦးမယ်" ဟူ၍ဖြစ်သည်။

ဘရုစ် အိပ်ယာမှထသည်။ အဝတ်အစားလဲသည်။ ဘိနပ်မဝတ်ရသေး။ နံနက်စာစားရန် ဝင်လာခဲ့သည်။ သူ့မိခင်က "မင်းဘိနပ်တွေကော။ ဘိနပ်မစီးဘဲ ကျောင်းသွားမလို့လား။ မင်းဝတ်ထားတာကို ကြည့်စမ်း။ ဆွယ်တာအင်္ကျီအပြာနဲ့ ရှပ်အင်္ကျီအစိမ်းက လိုက်မှမလိုက်တာ။ ဘရုစ် သားဘောင်းဘီကိုဘာလုပ်ထားသလဲ။ ပြဲနေပြီ။ မနက်စာမစားခင် ဘောင်းဘီပြန်လဲစမ်း။ ငါ့သားသမီးတွေထဲမှာ ဘယ်သူမှ ဘောင်းဘီအစုတ်နဲ့ ကျောင်းမတက်ဘူး။ အအေးကို သတိထားပြီးထည့်။ အရင်လို မဖိတ်စေနဲ့"

ဘရုစ်က အအေးခွက်ထဲသို့ လောင်းထည့်ရာ ဘေးသို့ဖိတ်သွားသည်။ သူ့မိခင်စိတ်ဆိုးသွားသည်။ ဖိတ်စင်သွားသော အအေးရည်များကိုသုတ်လိုက်ရင်းက "နင့်ကိုငါဘယ်လို လုပ်ရမှန်းမသိတော့ဘူး" ဟုအော်လိုက်သည်။

ဘရုစ်က သူ့ဘာသာသူပွစိပွစိပြောလိုက်သည်။ "ဘာ ဘာပြောတယ်" မိခင်ကမေးရင်း "ပွစိပွစိလုပ်ပြန်ပြီလား" ဟုပြောလိုက်သည်။

ဘရုစ်ကား နံနက်စာကို ငြိမ်ငြိမ်ကလေးစားနေရှာသည်။ ပြီးတော့ ဘောင်းဘီလဲ၊ ဘိနပ်ဝတ်၊ စာအုပ်များကို ထည့်၍ကျောင်းသို့ထွက်လာခဲ့သည်။ သူ့မိခင်က "ဘရုစ် ထမင်းဘူးမေ့နေတယ်လေ။ နင့်ခေါင်းနဲ့ ပခုံးကပ်မထားရင် ခေါင်းကိုတောင်မေ့ကျန်ထားမဲ့ကောင်ပဲ" ဟုလှမ်းအော်ပြောလိုက်သည်။

ဘရုစ်က ထမင်းဘူးယူပြီး တံခါးကပြန်ထွက်တော့မည်အလုပ် "ကျောင်းမှာ လိမ်လိမ်မာမာနေနော်" ဟုမိခင်က ထပ်အော်လိုက်ပြန်သည်။

ဒေးဗစ်က လမ်းတစ်ဘက်တွင်နေသည်။ နံနက်ခင်းသူစတင် ကြားလိုက်ရသည်ကား "၇နာရီထိုးပြီ ဒေးဗစ်။ အခုထတော့မလား။ ဒါမှမဟုတ် ၅မိနစ်လောက်နှပ်ဦးမလား" ဟူ၍ဖြစ်သည်။ ဒေးဗစ်က ပက်လက်လှန်၍ သမ်းဝေလိုက်ရင်းက "၅မိနစ်လောက် နှပ်လိုက်ဦးမယ်" ဟုမပီမသ ပြောလိုက်သည်။

ထို့နောက အဝတ်အစားလဲပြီး နံနက်စာစားရန် ဝင်လာခဲ့သည်။ ဘိနပ်ကားမပါချေ။ မေမေက "ဟေး ဘောင်းဘီတောင်လဲပြီးပြီကိုး ဘိနပ်ဝတ်ဘို့ဘဲကျန်တော့တယ်။ အိုး ဘောင်းဘီချုပ်ရိုးမှာ နည်းနည်းပြဲနေပါလား သား။ ချုပ်ရိုးတစ်ကြောင်းလုံး ပြဲမဲ့ပုံပဲ။ သားမတ်တပ်ရပ်နေတုန်းမေမေချုပ်ပေးရမလား။ ဒါမှမဟုတ် နောက်တစ်ထည်လဲသွားမလား" ဟုမေးသည်။ ဒေးဗစ်က ခနမျှစဉ်းစားပြီး "မနက်စာစားပြီးရင် နောက်တစ်ထည်လဲသွားမယ်" ဟုပြောလိုက်သည်။ စားပွဲတွင်ထိုင်ကာ သစ်သီးဖျော်ရည်ကို ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။ ဖျော်ရည်နည်းနည်း ဖိတ်ကျသွားသည်။

"ရေဇလုံထဲမှာ သုတ်ဖို့အဝတ်စုတ်ရှိတယ်" ဟုသူ့မေမေက သူ့အတွက် နေ့လည်စာ ပြင်ပေးရင်းက လှည့်ပြောလိုက်သည်။ ဒေးဗစ်

အဝတ်စုတ်ကိုယူပြီး ဖိတ်ကျသွားသော ဖျော်ရည်များကို သုတ်ပစ်လိုက်သည်။ ဒေးဗစ် နံနက်စာစားရင်း မေမေနှင့် စကားစမြည်ပြောသည်။ ပြီးသောအခါ ဘောင်းဘီလဲ၊ ဘိနပ်ဝတ်၊ စာအုပ်များထည့်ပြီး ကျောင်းသို့ထွက်ခဲ့သည်။ ထမင်းဘူးမပါချေ။

မေမေကလှမ်းခေးပြီး "ဒေးဗစ် ထမင်းဘူး" ဟုပြောလိုက်သည်။ ပြန်ပြေးလာပြီး ထမင်းဘူးကိုယူကာ မေမေ့ကို ကျေးဇူးတင်ကြောင်းပြောလိုက်သည်။ မေမေကထမင်းဘူးကို လှမ်းပေးရင်း "ညနေမှတွေ့မယ်" ဟုနှုတ်ဆက်လိုက်သည်။

ဘရုစ်နှင့် ဒေးဗစ်တို့၏ ဆရာမှာအတူတူပင်ဖြစ်သည်။ ထိုနေ့တွင် ဆရာက "ကလေးတို့ အားလုံးသိပြီးဖြစ်တဲ့အတိုင်း နောက်တစ်ပတ်မှာ တို့အတန်းရဲ့ ကိုလံဘတ်ပြဇာတ် ကကြရတော့မယ်။ အခန်းတံခါးမှာ ကြိုဆိုပါ၏ ဆိုတဲ့ရောင်စုံဆိုင်းဘုတ်ရေးဘို့ လုပ်အားပေးတစ်ယောက်လိုတယ်။ နောက်ပြီး ပြဇာတ်ကနေတုန်း ဧည့်သည်တွေကို အအေးနဲ့ဧည့်ခံဖို့ လုပ်အားပေးတစ်ယောက်လိုတယ်။ နောက်ဆုံးအနေနဲ့ တတိယတန်းကျောင်းသားတွေကို ပြဇာတ်ကမဲ့နေရာနဲ့အချိန်ကို ပြောပြီး ဖိတ်ဖို့လုပ်အားပေးတစ်ယောက်လိုတယ်" ဟုပြောလိုက်သည်။

လုပ်အားပေးအဖြစ် ဆောင်ရွက်ရန် ကျောင်းသားအချို့က ချက်ချင်းပင် လက်ညှိုးထောင်ကြသည်။ အချို့ပကတော့ မဝံ့မရဲလက်ညှိုးထောင်ကြသည်။ အချို့ကမူ လက်ညှိုးမထောင်ကြပေ။

ဇာတ်လမ်းကို ဤနေရာတွင်ရပ်ထားပါသည်။ နောက်ဘာဖြစ်သည်ကို ကျွန်ုပ်တို့မှန်းဆ ကြည့်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့အတွက် စဉ်းစားရန်အချက်များ ကျန်ရှိနေပါသည်။ အောက်ပါမေးခွန်းများကို ခနတာမျှ အချိန်ယူစဉ်းစားပြီး ကိုယ်တိုင်ဖြေဘို့ကြည့်ပါ။

၁။ လုပ်အားပေးရန် ဒေးဗစ်လက်ညှိုးထောင်ပါသလား။

၂။ ဘရုစ်ကော လက်ညှိုးထောင်ပါသလား။

၃။ ကလေးသူငယ်များ ကိုယ်တိုင်စဉ်းစားပေးပုံနှင့် စိန်ခေါ်မှု သို့မဟုတ် ရှုံးနိမ့်မှုတစ်ရပ်ကို လက်ခံရေးအတွက် ကလေးများ၏ ဆန္ဒတို့ (ဦးနှောက်နှင့် နှလုံးသား) အကြားဆက်သွယ်မှုကားအဘယ်နည်း။

၄။ ကလေးငယ်များကိုယ်တိုင် စဉ်းစးပုံနှင့် ၎င်းတို့ကိုယ်တိုင်အတွက် ၎င်းတို့ချမှတ်ထားသော ရည်မှန်းချက်အမျိုးအစားတို့ အကြားဆက်သွယ်မှုကားအဘယ်နည်း။

မျက်မှောက်ကာလ မိခင်များက သားသမီးများအား မွေးမြူပြုစုပျိုးထောင်ပေးသည့် လမ်းစဉ်အရသာ အနာဂါတ်ကမ္ဘာကြီးဖြစ်ပေါ်လာရပါသည်။